

# စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့ဝန်ထမ်းများ၏ ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးကို ပံ့ပိုးပေးခြင်း

## မြန်မာ့ စီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနိုင်သောလမ်းညွှန်

ဧပြီ ၂၀၂၀

IFC International Finance Corporation
WORLD BANK GROUP
Creating Markets, Creating Opportunities

## ရှင်းလင်းဖော်ပြချက်

IFC သည် ကမ္ဘာ့ဘဏ်အုပ်စုဝင် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး အလွန်အမင်း ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်ကာ၊ လူနေမှုဘဝများ တိုးတက်လာစေရန်အတွက် အခွင့်အလမ်းများ ဖန်တီးပေးလျက် ရှိသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်တည်တံ့နိုင်သည့် စီးပွားရေးတိုးတက်မှုများရှိလာစေရန် ရှေးရှု၍ ပုဂ္ဂလိက ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အပံ့များပေးခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာအောင် စုစည်းခြင်းနှင့်၊ နိုင်ငံအစိုးရများနှင့် ပုဂ္ဂလိက ကဏ္ဍ စီးပွားရေးလုပ်ငန်းများအတွက် အကြံပေးဝန်ဆောင်မှုများနှင့်၊ စွန့်စားရမှုလျော့ချနိုင်ရေး ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိသည်။

ဤအစီရင်ခံစာကို IFC ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသအတွင်းရှိ ကျား၊မ ရေးရာအစီအစဉ်မှ ဆောင်ရွက်ခြင်း ဖြစ်သည်။ ဤအစီရင်ခံစာတွင် ပါရှိသော သုံးသပ်ချက် နှင့် ထင်မြင်ချက်များသည် IFC သို့မဟုတ် IFC ၏ အမှုဆောင်ဒါရိုက်တာများ သို့မဟုတ် ကမ္ဘာ့ဘဏ်အုပ်စု သို့မဟုတ် ကမ္ဘာ့ဘဏ်အုပ်စု၏ အမှုဆောင်ဒါရိုက်တာများ သို့မဟုတ် ၎င်းတို့ ကိုယ်စားပြုသည့် အစိုးရများ၏ အမြင်များဟု မှတ်ယူခြင်း မပြုသင့်ပါ။ IFC နှင့် ကမ္ဘာ့ဘဏ်အုပ်စုသည် ဤထုတ်ပြန်မှုတွင်ပါဝင်သော အချက်အလက်များ၏ တိကျမှုအပေါ် အာမမခံပေ။ ၎င်းအချက်အလက်များကို အသုံးပြုခြင်းမှ ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဖြစ်ရပ်များကို တာဝန်ယူမည် မဟုတ်ပါ။

## ကျေးဇူးတင်လွှာ

ဤထုတ်ဝေမှုသည် အရှေ့အာရှ နှင့် ပစိဖိတ်ဒေသ IFC ကျားမဆိုင်ရာ ဦးဆောင်သူ Amy Luinstra ၏ဦးဆောင်မှုဖြင့် Ellen Maynes မှကြီးကြပ်ကာ ဒေါ်နှင်းနွယ်နွယ်အောင်၊ Roshika Singh နှင့် Rudaba Nasir တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဤအဖွဲ့မှ IFC မြန်မာနိုင်ငံ၏ Acting Country Manager Ashani Chanuka Alles၊ IFC Country Officer ဒေါ်ခင်သီတာမော်၊ IFC ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဝင်ငွေနည်းပါး ၍ထိခိုက်လွယ်သော နိုင်ငံများ ဆက်သွယ်ရေး ခေါင်းဆောင် Camille Annette Funnell နှင့် Communications Consultant ဒေါ်ကြေးမုံလင်း တို့၏ ကူညီမှုများနှင့် အားစိုက်ထုတ်မှုများအတွက် ကျေးဇူးတင်လိုပါသည်။

ကျား၊မရေးရာ တန်းတူညီမျှရေးဆိုင်ရာ Umbrella Facilities အဖွဲ့(UFGE) မှ ကူညီထောက်ပံ့ပေးမှုအတွက်ကို ကျေးဇူးတင်ပါသည်။ UFGE သည် ကမ္ဘာ့ဘဏ်အုပ်စုမှ စီမံခန့်ခွဲပေးသည့် အလှူရှင်အဖွဲ့အစည်းများစွာ ပါဝင်သော ရန်ပုံငွေအဖွဲ့ဖြစ်ပါသည်။ ရည်ရွယ်ချက်မှာ အစိုးရနှင့် ပုဂ္ဂလိကစီးပွါးရေးကဏ္ဍများ အတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးရလဒ်များအား ရှေးရှုသော စီမံချက်များနှင့် မူဝါဒများကို ဦးတည်ဆောင်ရွက်နိုင်ရန် လေ့လာဆန်းစစ်ခြင်းနှင့် ဗဟုသုတများ တိုးပွါးလာအောင် ပြုလုပ်ခြင်းအားဖြင့် ကျားမရေးရာတန်းတူညီမျှမှုနှင့် အမျိုးသမီးများ လုပ်ဆောင်နိုင်စွမ်းကဏ္ဍမြင့်မားလာစေရန် ကူညီပေးသည်။ အဆိုပါ UFGE တွင် ဩစတြေးလျ၊ ကနေဒါ၊ ဒိန်းမတ်၊ ဖင်လန်၊ ဂျာမဏီ၊ ပူးပေါင်းထောက်ပံ့ထားသော အိုင်စ်လန်၊ လတ်ဗီးယား၊ နယ်သာလန်၊ နော်ဝေ၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူကေ၊ အမေရိကန် နိုင်ငံ နှင့် *Bill and Melinda Gates* ဖောင်ဒေးရှင်း တို့မှ ရန်ပုံငွေများ ထည့်ဝင်ထားပါသည်။

မျက်နှာဖုံးဓါတ်ပုံများ IFC / Victoria Milko.

# နိဒါန်း



ဤလမ်းညွှန်ချက်သည် ဝန်ထမ်းများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကူညီထောက်ပံ့မှုနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံရှိ စီးပွားရေး လုပ်ငန်းရှင်များအတွက် အသုံးဝင်သော အချက်အလက်များကို ပံ့ပိုးပေး ထားပါသည်။ ယခုအခါ ကမ္ဘာနှင့်အဝှန်း ဖြစ်ပေါ်ခံစားနေသော ကပ်ရောဂါ အခြေအနေအတွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့် ဂန်ထမ်းများ၏ မိသားစုအတွက် လိုအပ်ချက်နှင့် စောင့်ရှောက်မှု ဖြည့်ဆည်းပေးနိုင်သော နည်းလမ်းများကို ယခင်ကထက် ပိုမိုရှာဖွေနေကြပါသည်။ ကိုးကား www.ifc.org/tacklingchildcare/covid19

ထိုလမ်းညွှန်ချက်တွင် ကူညီထောက်ပံ့မှုသည် စီးပွားရေးလုပ်ငန်းများ အတွက် အဘယ်ကြောင့် အကျိုးရှိသနည်း ဆိုသည့် ရှင်းလင်းဖော်ပြချက် ပါဝင်သည်။ ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်ဝတ္တရားများကို စီမံခန့်ခွဲနိုင်ရန် မိမိ၏ ဝန်ထမ်းများအား ကူညီပေးသည့် လုပ်ငန်းရှင်များအနေဖြင့် ပိုမို ပျော်ရွှင်သော၊ စိတ်အားထက်သန်မှု ရှိကြသော လုပ်ငန်းခွင်ကို မြင်တွေ့ခွင့်ရရန် မျှော်လင့်နိုင်ပါသည်။ အလုပ်ကို အပြည့်အဝ လုပ်ကိုင်နိုင်မှု တိုးတက်လာခြင်း၊ ဝန်ထမ်းအပြောင်းအရွှေ့ကို လျှော့ချနိုင်ခြင်းနှင့် လုပ်သားဈေးကွက်ထဲတွင် လုပ်ငန်းရှင်ရွေးချယ်မှုနှင့်ပတ်သက်ပြီး ကုမ္ပဏီ၏ ဂုဏ်သတင်း တိုးတက်လာခြင်းစသည်တို့ကို မျှော်လင့်၍ ရနိုင်ပါသည်။

စီးပွားရေးလုပ်ငန်းများအနေဖြင့် ထည့်သွင်းစဉ်းစားနိုင်မည့် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ကူညီထောက်ပံ့မှု နည်းလမ်းပေါင်းများစွာကို ဤလမ်းညွှန်ချက်က မိတ်ဆက်ပေးထားပြီး ရှင်းလင်းဖော်ပြထားသည်။ လုပ်ငန်းခွင် တိုင်းသည် ကွဲပြားခြားနားမှု ရှိပါသည်။ ဝန်ထမ်းများ၏ ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက် များသည် ၎င်းတို့ ကလေးများ၏ အသက်အရွယ်၊ အလုပ်တာဝန်များနှင့် ၎င်းတို့ နေအိမ်နှင့် အလုပ် တည်နေရာ များအပေါ် မူတည်ပြီး ကွဲပြားမှုရှိပါသည်။ ဝန်ထမ်းများ၏ မတူကွဲပြားသော လိုအပ်ချက်ကို ပြည့်မီအောင် ထောက်ပံ့ပေးမည့် နည်းလမ်းများ အကောင်အထည်ဖော်ပေးခြင်းနှင့် ဝန်ထမ်းများအတွက် ရွေးချယ်စရာ နည်းလမ်းများစွာ ထောက်ပံ့ပေးခြင်းတို့သည် စီးပွားရေး လုပ်ငန်းတစ်ခုအတွက် လုပ်ဆောင်ရန် ဖြစ်နိုင်ပြီး ထိရောက်မှု ရှိသော ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့ နည်းဗျူဟာ ဖြစ်မြောက်စေရေးအတွက် အရေးကြီးပါသည်။

မြန်မာနိုင်ငံရှိ ပုဂ္ဂလိက ကဏ္ဍတွင် လုပ်ကိုင်နေကြသော ဝန်ထမ်းများသည် မီးဖွားခွင့် (၁၄ ပတ်) နှင့်မွေးကင်းစ ကလေးကို အကြောင်းပြု၍ ဖခင်ဖြစ်သူအားပေးသော ဖခင်ဖြစ် ခွင့် (၁၅ ရက်) ရပိုင်ခွင့်ရှိကြသည်။ ဤ ရပိုင် ခွင့်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေ၊ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ထားသော ၁၉၅၁ ခုနှစ် ခွင့်ရက် နှင့် အလုပ် ပိတ်ရက် အက်ဥပဒေနှင့် ၂၀၁၆ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ထားသော ၁၉၅၁ခုနှစ် အလုပ်ရုံ ဥပဒေ များတွင် ဖော်ပြပါရှိသည်။ စီးပွားရေးလုပ်ငန်းများအနေဖြင့် ထိုရပိုင်ခွင့်များထက် ကျော်လွန်သော ကလေးသူငယ် စောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့မှုများကို မိတ်ဆက်ပေးခြင်းဖြင့် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကို ထိန်းထားနိုင်ပါမည်။





ကမ္ဘာတဝှမ်းနှင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်းများက ထောက်ပံ့ပေးသော ကလေးသူငယ် ပြုစုစောင့်ရှောက်မှု၏ အကျိုးကျေးဇူးများကို စတင် သတိပြုမိလာကြသည်။ အချို့ စီးပွားရေး လုပ်ငန်းများအနေဖြင့် ဆန်းသစ်မှုရှိပြီး လမ်းသစ်ဖောက်သည့် နည်းလမ်းများကို စတင် အကောင်အထည် ဖော်လာကြသည်။ ဤ အစီအရင်ခံစာသည် မြန်မာနိုင်ငံနှင့် ကမ္ဘာတလွှားရှိ စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့ပေးသည့် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုစနစ်ကို အကောင်အထည်ဖော်နေကြသော စီးပွားရေးလုပ်ငန်းများ၏ အကောင်းဆုံးသောလက်တွေ့လုပ်ဆောင်မှု သာဓကများကိုလည်း မိတ်ဆက်ပေးသွားမည် ဖြစ်သည်။

စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့ပေးထားသော ကလေးသူငယ် ပြုစုစောင့်ရှောက်မှုက လုပ်ငန်းခွင်ဝင် မိဘများ၊ ၎င်းတို့၏ ကလေးများနှင့် စီးပွားရေးလုပ်ငန်းများအတွက် ယူဆောင်လာပေးသည့် အကျိုးကျေးဇူးများကို အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) အနေဖြင့် အသိအမှတ်ပြုပါသည်။ စီးပွားရေးလုပ်ငန်းများမှ ထောက်ပံ့ပေးသော ကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး သုတေသနများကို IFC အနေဖြင့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ နှင့် သီရိလင်္ကာနိုင်ငံများတွင် လုပ်ဆောင်ပြီးဖြစ်သည်။ ယင်းနိုင်ငံများအားလုံးအတွက် တစ်နိုင်ငံချင်းစီ၏ သီးခြား အစီရင်ခံစာများကိုလည်း ရယူနိုင်ပါသည်။ ဝန်ထမ်းများ၏ ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များကို ကူညီပေးရန်လုပ်ဆောင်နေကြသည့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများနှင့် ထိုသို့ ဆောင်ရွက်ခြင်းကြောင့် ၎င်း စီးပွားရေးလုပ်ငန်းများတွင် ရရှိခံစားရသည့် များစွာသော အကျိုးကျေးဇူးများနှင့် ပတ်သက်သော ပြီးပြည့်စုံသည့် အချက်အလက်များကို *"ကလေးသူငယ်များ ပြုစုစောင့်ရှောက်မှုကို နည်းလမ်းတကျ ကိုင်တွယ်ဖြေရှင်းခြင်း။ စီးပွားရေးလုပ်ငန်းများမှ ၎င်းတို့ဝန်ထမ်းများ၏ ကလေးသူငယ်ပြုစု စောင့်ရှောက်ရေးကို ပံ့ပိုးပေးခြင်းဖြင့် စီးပွားရေးအကျိုးဖြစ်ထွန်းနိုင်ပုံအကြောင်း မြန်မာနိုင်ငံဆိုင်ရာလေ့လာချက်"* ဆိုသည့် IFC ၏ ၂၀၁၇ ခုနှစ် အစီအရင်ခံစာတွင် ဖော်ပြထားပါသည်။

ပုဂ္ဂလိက ကဏ္ဍထဲရှိ ကလေးသူငယ် ပြုစုစောင့်ရှောက်မှုကို လေ့လာရန်အတွက် IFC ၏ ဆောင်ရွက်ချက်များ နှင့် ပတ်သက်ပြီး အချက်အလက်များ ထပ်မံသိရှိလိုပါက www.ifc.org/tacklingchildcare အင်တာနက် စာမျက်နှာတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

# ဝန်ထမ်းများအတွက် ထောက်ပံ့ပေးသော ကလေးသူငယ် ပြုစုစောင့်ရှောက်မှုကြောင့် ရရှိသော စီးပွားရေးဆိုင်ရာ အကျိုးဖြစ်ထွန်းမှုများ

ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ခံစားခွင့်များကို ထောက်ပံ့ပေးခြင်းဖြင့် စီးပွားရေးလုပ်ငန်းများသည် အရည်အချင်းပြည့်ဝသော ဝန်ထမ်းများကို ပိုပြီး စွဲဆောင်ထိန်းထားနိုင်ရုံသာမက အလုပ်ကို အပြည့်အဝ လုပ်ကိုင်နိုင်မှုကို တိုးမြှင့်စေရန် ကူညီပေးပါသည်။ စားသုံးသူများ၊ ရင်းနှီးမြှုပ်နှံသူများနှင့် အခြားပြင်ပမှ အစုရှယ်ယာဝင်များ အနေဖြင့် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုအတွက် ထောက်ပံ့ပေးခြင်း အပေါ် အကောင်းဖက်က ရှုမြင်ကြပါ သည်။



**စီးပွားရေး လုပ်ငန်းတစ်ခုသည် လုပ်ငန်းခွင် ဝင်ရောက်နေကြသော မိဘဖြစ်သူ ဝန်ထမ်းများကို ထောက်ပံ့ပေး သည့်အခါ ရရှိသော အကျိုးကျေးဇူးများစွာ ရှိပါသည်။**


- အလုပ်လာရောက် လျှောက်ထားသူများ၏ အရည်အချင်းကို တိုးတက်လာစေသည်
- ဝန်ထမ်း လစ်လပ်မှုကို ဖြည့်တင်းရန်အတွက် ကြာချိန်ကို မြန်ဆန်စေသည်
- ဝန်ထမ်းများ အလုပ် အပြောင်းအရွှေ့ကို လျှော့ချပေးသည်
- လုပ်ငန်းခွင်ထဲတွင် ဝန်ထမ်းများ ကာလတို ပျက်ကွက်မှုနှုန်းကို လျှော့ချပေးပါသည်
- ဝန်ထမ်းများ၏ အာရုံစူးစိုက် လုပ်ဆောင်မှု၊ စိတ်အားထက်သန်မှုနှင့် အားထည့် နှစ်မြှုပ် လုပ်ဆောင်မှု တို့ကို မြှင့်တင်ပေးသည်
- ဝန်ထမ်းများ၏ ဆက်ဆံရေးကို တိုးတက်စေသည်
- ဝန်ထမ်များ အလုပ်တွင် အပြည့်အဝ လုပ်ကိုင်နိုင်စွမ်းကို တိုးတက်စေသည်
- ဝန်ထမ်းများ၏ စိတ်ကျန်းမာပျော်ရွှင်မှု၊ ပါဝင်ဆောင်ရွက်မှုနှင့် လုပ်ငန်းခွင် စိတ်ကျေနပ်မှုတို့ကို မြှင့် တက်စေပါသည်
- လုပ်ငန်းခွင်ထဲတွင် မတူကွဲပြားသော ကျား/ မ နှင့် အခြား ဂျန်ဒါများ ပါဝင်မှုကို မြှင့်တင်ပေးသည်
- အလားအလာရှိသော ဝန်ထမ်းများ၊ စားသုံးသူများ၊ ဝယ်လိုသူ ဖောက်သည်များနှင့် ရင်းနှီးမြှုပ်နှံသူများ ကြားတွင် လုပ်ငန်း၏ ဂုဏ်သတင်းကို မြှင့်တင်ပေးပြီး ၎င်းတို့အား မိမိ လုပ်ငန်းနှင့် တွဲဖက် လုပ်ကိုင်ခွင့် ကို တိုးမြှင့်စေသည်
- နိုင်ငံတော်အဆင့် ဥပဒေများနှင့် နိုင်ငံတကာ သဘောတူညီချက်များနှင့် အညီ လိုက်နာ ဆောင်ရွက်မှု ကို တိုးတက်စေသည်

ကမ္ဘာတလွှား စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ ဝန်ထမ်းများအား ကလေးသူငယ် ပြုစုစောင့်ရှောက်မှု ဆိုင် ရာ တာဝန်များကို စီမံခန့်ခွဲနိုင်ရန် အလို့ငှာ ပိုမိုကောင်းမွန်သော ထောက်ပံ့မှုများကို ပံ့ပိုးပေးနေသည့် ၎င်းတို့၏ လုပ်ဆောင်ချက်များနှင့် ဆက်စပ်သော အကျိုးကျေးဇူးများကို စတင် မြင်တွေ့လာကြရသည်။

# ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့များအတွက် စီးပွားရေး လုပ်ငန်းများ၏ ရွေးချယ်စရာနည်းလမ်းများ

ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့များအတွက် ရွေးချယ်စရာနည်းလမ်းများမှာ သတင်း အချက်အလက်နှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများနှင့် အရေးပေါ်/ အစားထိုး ကလေးသူငယ်စောင့်ရှောက်မှု ဆိုင်ရာ ခံစားခွင့်များ စသည့် အရင်းအနှီးနည်းပြီး သိပ် အားစိုက် ထုတ်စရာ မလိုသော နည်းဗျူဟာများမှသည် အရင်းအနှီးများပြီး အားစိုက်ထုတ်ရသည့် နည်းလမ်းများဖြစ်သည့် လုပ်ငန်း ခွင်ထဲတွင် ကလေး သူငယ် ပြုစုစောင့်ရှောက်ရေး အဆောက်အအုံ၊ စင်တာများ ဖွင့်လှစ်ထား ရှိခြင်းတို့ ပါဝင်သည်။ ဖြစ်စဉ် အများစုတွင် လုပ်ငန်းခွင်အတွင်း ဝန်ထမ်း အင်အားနှင့် စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်တင်းနိုင်မည့် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့ပေးခြင်း နည်းလမ်းများကို ဆောင်ရွက်ပေးရန် လိုလားကြသည်။ ပထမအဆင့်အနေဖြင့် နည်းလမ်းများ ရွေးချယ်ခြင်း သို့မဟုတ် အစီအစဉ် ရေးဆွဲခြင်း မပြုလုပ်ခင် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်ပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များနှင့် ဦးစားပေးမှုတို့ကို နားလည်ရန် လုပ်ဆောင်ရမည်။

**ပုံ ၁- ကလေး သူငယ် ပြုစုစောင့်ရှောက်မှု ဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ဝန်ထမ်းများကို ကူညီထောက်ပံ့ပေးရန်အတွက် ရွေးချယ်စရာ နည်းလမ်းများ**




| | |
|---|---|
| ကုမ္ပဏီအတွင်း သို့မဟုတ် ကုမ္ပဏီ အနီးအနားရှိ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာများ | လုပ်ငန်းခွင်ထဲတွင် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာ ဖွင့်လှစ်ထားရှိပေးခြင်းသည် အလုပ်လုပ်နေသော ကလေးရှိ ဝန်ထမ်းများအပေါ် ကူညီပေးရန် လုပ်ငန်းရှင်၏ သိသာထင်ရှားသော ကတိကဝတ် ဖော်ဆောင်မှုကို ပြသနေသည်။ လုပ်ငန်းခွင်အတွင်း ဖွင့်လှစ်ထားပေးသော ကလေးသူငယ် ပြုစု စောင့်ရှောက်ရေး စင်တာသည် ဝန်ထမ်းအသစ် စုဆောင်းရေးနှင့် ရှိနေဆဲ ဝန်ထမ်းများအား စွဲဆောင်ထိန်းထားနိုင်ရေး အတွက် အကျိုးရှိသော နည်းလမ်းတစ်ခု ဖြစ်သကဲ့သို့ မတူကွဲပြားမှုများ ပေါင်းစည်းပါဝင်ခြင်းနှင့် လူမှုရေးဆိုင်ရာ တာဝန်ယူမှုရှိခြင်းနှင့် ပတ်သက်ပြီး စီးပွားရေးလုပ်ငန်းတစ်ခု၏ တာဝန်ခံနိုင်မှုကို ပြသနိုင်သော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။ |
| ပြင်ပမှ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနေရာများ/ အခြားစီးပွားရေး လုပ်ငန်းများနှင့် ပူးပေါင်းပြီး ပူးတွဲ ထောက်ပံ့ပေးခြင်း | ကလေးသူငယ်ပြုစုစောင့်ရှောက်မှုအတွက် နေရာ မြောက်များစွာ မလိုအပ်သော စီးပွားရေးလုပ်ငန်းများ အနေဖြင့် အခြား စီးပွားရေးလုပ်ငန်းများနှင့် ပူးပေါင်းပြီး မျှဝေ သုံးစွဲနိုင်သည့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာမျိုးကို ဖွင့်လှစ်ထားရှိ ပေးနိုင်ပါသည်။ |
| ကလေးသူငယ် ပြုစုစောင့်ရှောက်မှုကို တိုးချဲ့ရန်အတွက် အစိုးရ- ပုဂ္ဂလိက ပူးပေါင်း ဆောင်ရွက်ခြင်း | အစိုးရ- ပုဂ္ဂလိက ဖက်စပ် လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ကလေးသူငယ် ပြုစု စောင့်ရှောက်မှု ဝန်ဆောင်မှုများအား ရရှိ အသုံးပြုခွင့်ကို တိုးချဲ့ရန်အလို့ငှာ စီးပွားရေးလုပ်ငန်းများအတွက် အစိုးရဌာနများနှင့် တွဲဖက် လုပ်ကိုင်ရန် အခွင့်အလမ်းများ ရရှိစေပါသည်။ |
| မိခင် နို့ချို တိုက်ကျွေးရန် အခန်း | ကလေးများနှင့် မိခင်များအားလုံးအတွက် နို့ချိုတိုက်ကျွေးခြင်း၏ ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများကို အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံ အများစုက လုပ်ငန်းရှင်များအနေဖြင့် အလုပ်လုပ်နေသော မိခင်များအား နို့ချို တိုက်ကျွေးခွင့် ပြုရန် သို့မဟုတ် နို့ရည်တိုက်ခွင့် ပြုရန် ညွှန်ကြားထားသည်။ နို့ချိုတိုက်ကျွေးခြင်းနှင့် ပတ်သက်သော မူဝါဒများတွင် အလုပ်ချိန် လျှော့ချပေးခြင်းနှင့် မိခင်များ နို့ချိုတိုက်ကျွေးနိုင်သော သို့မဟုတ် နို့ရည် တိုက်နိုင်သော လုံခြုံပြီး သီးသန့်ဖြစ်သော ကျန်းမာရေးနှင့် ညီညွတ်သည့် နေရာများ ဖန်တီးပေးခြင်း အပြင် ညှစ်ယူထားသော နို့ချိုကို သိုလှောင်ထားရှိရန် လုံခြုံစိတ်ချရသည့် ကျန်းမာရေးနှင့် လျော်ညီသော နေရာ ဖန်တီး ပေးခြင်းတို့ ပါဝင်သည်။ |
| ဝန်ထမ်းများအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့ကြေး စရိတ်ပေးခြင်း | ဝန်ထမ်းအများစုအတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်မှု စရိတ်သည် လုပ်ငန်းခွင် ဝင်ရောက်ရခြင်းအတွက် အဓိကကျသော အဟန့်အတား ဖြစ်သည်။ အချို့သော စီးပွားရေး လုပ်ငန်းများက ဝန်ထမ်းများ၏ ကလေး သူငယ် ပြုစုစောင့်ရှောက်မှု ကုန်ကျစရိတ်ကို ပံ့ပိုးကူညီရန် စရိတ်ထောက်ပံ့ပေးခြင်းဖြင့် ယင်းပြဿနာကို ဖြေရှင်းပေးကြသည်။ ဝန်ထမ်းများအနေဖြင့် ၎င်းတို့ရွေးချယ်ထားသော ကလေး သူငယ် ပြုစုစောင့်ရှောက်ရေး စင်တာတွင် ကလေး ပြုစုစောင့်ရှောက်မှုအတွက် ကုန်ကျငွေကို ကာမိစေရန် ယင်းထောက်ပံ့ကြေးများကို အသုံးပြုနိုင်ပါသည်။ |
| အချိန်ပို ပြုစု စောင့်ရှောက်ပေးခြင်း - မနက်အစောပိုင်း၊ ည နှောင်းပိုင်း၊ ညပိုင်းများနှင့် ရုံးပိတ်ရက်များ | ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာ ဖွင့်လှစ်ချိန်ကို ညှိနှိုင်းပေးခြင်းနှင့် ဝန်ဆောင်မှုများကို စောစော သို့မဟုတ် နောက်ကျပြီးမှ သို့မဟုတ် ရုံးပိတ်ရက်များတွင်ပါ အသုံးပြုနိုင်ရန် ဝန်ထမ်းများအား ခွင့်ပြုပေးခြင်းသည် မိသားစု၏ ကလေးသူငယ်စောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်တင်းရန်အတွက် ညှိနှိုင်းရ လွယ်ကူမှု၊ လိုက်လျောညီထွေ ရှိမှုကို ဖြစ်စေပါသည်။ ဤနည်းလမ်းသည် အထူးသဖြင့် အဆိုင်းနှင့် အလုပ် ဆင်းရသော ဝန်ထမ်းများ သို့မဟုတ် ပုံမှန် မဟုတ်သော အလုပ်ချိန်များတွင် လုပ်ကိုင်ရသော ဝန်ထမ်းများနှင့် သက်ဆိုင်မှုရှိပါသည်။ |
| ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာသို့ သယ်ယူပို့ဆောင်ပေးခြင်း | လုပ်ငန်းရှင်မှ ထောက်ပံ့ပေးသည့် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများသည် ဝန်ထမ်းများ လုံခြုံရေးနှင့် သွားလာလှုပ်ရှားမှုဆိုင်ရာ စိုးရိမ်မှုများကို ပြေလည်စေခြင်း၊ ထောက်ပံ့ ပို့ဆောင်ရေးစရိတ်ကို ကာမိခြင်း သို့မဟုတ် သွားလာလှုပ်ရှားမှု အစီအစဉ်များကို လွယ်ကူစေခြင်းတို့အတွက် အကူအညီ ဖြစ်စေပါသည်။ ဤနည်းလမ်းသည် ဝန်ထမ်းများ၏ ကလေးများကို ကုမ္ပဏီ အတွင်းရှိ သို့မဟုတ် အနီးအနားရှိ ကလေးသူငယ် ပြုစု စောင့်ရှောက်ရေး စင်တာများသို့ အကြိုအပို့ ပြုလုပ်ပေးရန်အတွက်လည်း အဆင်ပြေစေပါသည်။ |
| အရေးပေါ်/အစားထိုး ကလေးသူငယ်စောင့်ရှောက်မှု | အရေးပေါ်/အစားထိုး ကလေးသူငယ်စောင့်ရှောက်မှု ဝန်ဆောင်မှုများသည် အလုပ်လုပ်ရသော ကလေးရှိ ဝန်ထမ်းများအား အချိန်ကပ်ပြီးမှ သိရသော အရေးပေါ် အခြေအနေတစ်ခုခုအတွက် အခြား ရွေးချယ်စရာ စောင့်ရှောက်မှုအဖြစ် ထောက်ပံ့ပေးနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်သည်။ သို့မှသာ ၎င်းတို့ အနေဖြင့် ပုံမှန် လုပ်ဆောင်နေကျ ကလေးသူငယ်ပြုစုစောင့်ရှောက်မှု အစီအမံများ လွဲချော်ခဲ့သည်ရှိသော် အလုပ်ပျက်ကွက်ရန် အကြောင်း မရှိတော့ပါ။ |

| | |
|---|---|
| ကျန်းမာရေးဆိုင်ရာ ထောက်ပံ့မှု (ဥပမာ- ကလေးငယ်များအတွက် ကာကွယ်ဆေးထိုးခြင်း) | မိသားစု ကျန်းမာရေးဆိုင်ရာ ခံစားခွင့်များနှင့် အထောက်အပံ့များတွင် ကုမ္ပဏီအတွင်းရှိ ဆရာဝန် သို့မဟုတ် သူနာပြုနှင့် ပြသခြင်း၊ လုံလောက်သော ကျန်းမာရေးနှင့် သွားနှင့် ခံတွင်း ဆိုင်ရာ အာမခံ ရရှိမှု၊ လုပ်ငန်းခွင် အတွင်း ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစား ခန်းမများ ထားရှိပေးခြင်း သို့မဟုတ် အားကစား ခန်းမသို့ သွားရန် ထောက်ပံ့ကြေးပေးခြင်း၊ မိဘနှင့် ကလေး ကာကွယ်ဆေးထိုးခြင်း အစီအစဉ်များ၊ လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သင်တန်းများနှင့် အချက်အလက်များ၊ ရင်သားကင်ဆာ စစ်ဆေးခြင်းနှင့် အိမ်တွင်းနှင့် ကျား/မ အခြေပြု အကြမ်းဖက်မှု ကာကွယ်ခြင်း မူဝါဒများနှင့် အရင်းအမြစ်များ ပါဝင်သည်။ |
| ကလေး ပြုစု ပျိုးထောင်ခြင်းဆိုင်ရာ သတင်းအချက်အလက် မျှဝေချိန်များ | စီးပွားရေး လုပ်ငန်းများအတွက် ကလေးသူငယ် ပြုစု စောင့်ရှောက်မှုနှင့် ပတ်သက်သော ပြဿနာများနှင့် ပတ်သက်ပြီး ဆွေးနွေး ဟောပြောပေးခြင်းသည် အလုပ်လုပ်နေရသော ကလေးရှိ ဝန်ထမ်းများ အနေဖြင့် ကလေးသူငယ် ပြုစု စောင့်ရှောက်မှု မည်ကဲ့သို့ ပြုလုပ်ရမည်ဆိုသည်ကို သိရှိစေရန်အတွက် ကူညီပေးရန် ကုန်ကျစရိတ်နည်းသော ရွေးချယ်စရာ နည်းလမ်းတစ်ခုဖြစ်သည်။ ပြည်တွင်း ကလေးသူငယ် ပြုစု စောင့်ရှောက်ရေး စင်တာများသို့ လွှဲပြောင်းပေးခြင်း ဝန်ဆောင်မှုများသည် အလုပ်လုပ်နေရသော ကလေးရှိ ဝန်ထမ်းမိဘ များအား ၎င်းတို့ ရွေးချယ်မည့် နေရာအား လေ့လာရန် ကြာမည့်အချိန်ကို လျှော့ချပေးခြင်းနှင့် ၎င်းတို့၏ ရွေးချယ်မှုအပေါ် ယုံကြည်မှုကို တိုးမြှင့်ပေးခြင်းဖြင့် ကူညီပေးပါသည်။ |
| ဝန်ထမ်းများအတွက် အလုပ်တာဝန်များ ခွဲဝေလုပ်ကိုင်ခြင်းဆိုင်ရာ အစီအစဉ်များ | အလုပ်တာဝန်ကို ခွဲဝေလုပ်ကိုင်ခြင်းဆိုသည်မှာ လိုက်လျောညီထွေမှုရှိသော အလုပ် အစီအစဉ်ဖြစ်ပြီး အလုပ် တစ်ခု တည်းကို နှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသော ဝန်ထမ်းများက ခွဲဝေ လုပ်ကိုင်နိုင်သည်။ အပြောင်းအလဲ များတွင် အလုပ်လုပ်ရသည့် ရက်ကို ရက်ခြားတာဝန်ချခြင်း- ဝန်ထမ်းတဦးလျှင် နေ့တပိုင်းသာ အလုပ်လုပ်ခြင်း၊ တပတ်ခြား လုပ်ခြင်း- ဝန်ထမ်းတဦးလျှင် တပတ်လုပ်ပြီး တပတ် နားခြင်း၊ အလုပ်လုပ်ရသည့် အပတ်ကို ရက်ခြားတာဝန်ချခြင်း- ဝန်ထမ်းတယောက်လျှင် ၂ရက်ခွဲလုပ်ခြင်း သို့မဟုတ် ဝန်ထမ်းတယောက်လျှင် ၃ရက် အလုပ်လုပ်ပြီး အလုပ်ချိန် တစ်ရက်အတူထပ်ပြီး လုပ်ကိုင်ခြင်းတို့ ပါဝင်သည်။ |
| ကလေးသူငယ် ပြုစုစောင့်ရှောက်မှုအတွက် ပံ့ပိုးကူညီရန် လိုက်လျောညီထွေမှုရှိသော အလုပ်ချိန် ခွင့်ပြုပေးခြင်း | အလုပ် စတင်ချိန်နှင့် ပြီးဆုံးချိန်၊ အလုပ် အဆိုင်းများ၊ အလုပ်လုပ်ချိန် နာရီစုစုပေါင်းနှင့် အလုပ် တည်နေရာ တို့ကို သေချာ ကြီးကြပ်ခြင်း - စသည် တို့သည် အလုပ်ချိန် လိုက်လျောညီထွေဖြစ်မှုကို တိုးတက်အောင် လုပ်ခြင်းသည် အလုပ်လုပ်ကိုင်နေသော ကလေးရှိ ဝန်ထမ်းများအား ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များနှင့် ၎င်းတို့၏ အလုပ်တာဝန်များကို တွဲလျက် လုပ်ဆောင်နိုင်ရန် မည်ကဲ့သို့ ကူညီပေးနိုင်သည်ကို ပြသော ဥပမာများ ဖြစ်သည်။ |

## အခြားသော ထည့်သွင်း စဉ်းစားစရာ နည်းလမ်းများ

| | |
|---|---|
| ပြင်ပ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာ တစ်ခုတွင် သီးသန့်ဖယ်ထားသော နေရာများ | ကုမ္ပဏီအတွင်းတွင် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာ ဖွင့်လှစ်ထားပေးခြင်းက လက်တွေ့မကျ တာမျိုး သို့မဟုတ် ကုန်ကျစရိတ်ကြီးလွန်းတာမျိုး ဖြစ်နိုင်ပါသည်။ ထိုသို့လုပ်မည့်အစား စီးပွားရေး လုပ်ငန်းတစ်ခုသည် ၎င်း၏ ဝန်ထမ်းများအတွက် ပုဂ္ဂလိက ကလေး သူငယ်ပြုစုစောင့်ရှောက်ရေး စင်တာ တစ်ခုတွင် နေရာများ ချန်လှပ်ပေးထားရန် ဆောင်ရွက်နိုင်သည်။ |
| ကျောင်းအားလပ်ရက် ပြုစုစောင့်ရှောက်မှုနှင့် ကျောင်းဆင်းချိန်အပြီး ပြုစုစောင့်ရှောက်မှု အစီအစဉ်များ | အလုပ်လုပ်ကိုင်နေသော ကလေးရှိ ဝန်ထမ်းမိဘအများစုသည် ကျောင်း ခေတ္တပိတ်ချိန်ကာလအတွင်း ၎င်းတို့ ကလေးသူငယ်များအား ပြုစုစောင့်ရှောက်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆီးနိုင်ရန် ရုန်းကန်ကြရသည်။ စီးပွားရေး လုပ်ငန်းများသည် ထိုကာလများတွင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထူး ပံ့ပိုးကူညီမှု ပေးရန် နည်းလမ်းများကို ရှာဖွေပေးနိုင်သည်။ |
| မီးဖွားခွင့်၊ ဖခင်ဖြစ်ခွင့်နှင့် မိဘဖြစ်သူ ဝန်ထမ်းများအတွက်ခွင့် | လစာပေးသော မီးဖွားခွင့်သည် နိုင်ငံများအားလုံး နီးပါးရှိ လုပ်ငန်းခွင်ဝင် အမျိုးသမီးများအတွက် မဖြစ်မနေ ပေးအပ်ရမည့် ခံစားခွင့်ဖြစ်သည်။ သိပ်ပြီး မတွင်ကျယ်သေးသော်လည်း နိုင်ငံတော်တော်များများတွင် လစာပေးသော ဖခင်ဖြစ်ခွင့်ကိုလည်း ဇနီးသည် မီးဖွားချိန်တွင် ထောက်ပံ့ပေးလာကြသည်။ မွေးစားမိဘများအတွက်မှ စပြီး မွေးစားသည့် အချိန်တွင် ပေးလေ့ရှိသည်။ နိုင်ငံတော်တော်များများသည် အလုပ်က ကာကွယ်ပေးသည့် မိဘ ဖြစ်ခွင့် သို့မဟုတ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးအတွက် အပိုဆောင်းခွင့် တို့ကိုလည်း ပေးအပ် လေ့ရှိပါသည်။ |
| မီးဖွားခွင့်အပြီး လုပ်ငန်းခွင်ထဲသို့ ပြန်လည် ဝင်ရောက်ခြင်း | အချို့သော စီးပွားရေးလုပ်ငန်းများတွင် မီးဖွားပြီးနောက် မိခင်များ လုပ်ငန်းခွင်သို့ ပြန်ဝင်နိုင်ရေး ကူညီ အားပေးရန် အစီအစဉ်များရှိသည်။ အိမ်တွင် လုပ်နိုင်သော အလုပ်တချို့ သို့မဟုတ် အချိန်ပြည့် လုပ်ငန်းခွင် ပြန်ဝင် နိုင်ရေး အတွက် အိမ်တိုင်ရာရောက် လိုက်လံ ပေးသည့် သင်တန်းများ ပါဝင်သည်။ |



# လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အစီအစဉ်များ

မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်မှ ထောက်ပံ့ပေးသည့် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုနှင့် ပတ်သက်သည့် IFC ၏ သုတေသန ပြုလုပ်မှုတွင် လုပ်ငန်းရှင်များ အနေဖြင့် ဝန်ထမ်းများ၏ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ တာဝန်များနှင့် တွဲပြီး လုပ်ငန်းခွင် တာဝန်များကို စီမံခန့်ခွဲနိုင်ရေး မည်သို့ ကူညီရမည်ဆိုသည်နှင့် ပတ်သက်ပြီး လိုက်လျောညီထွေဖြစ်သော လုပ်ငန်းခွင် အစီအစဉ်များသည် ဝန်ထမ်းများအကြားတွင် နံပါတ် ၁ ရွေးချယ်မှုဖြစ်သည်။

**လုပ်ငန်းခွင်ထဲမှာ လိုက်လျောညီထွေမှုရှိတဲ့ အလုပ်ချိန်ရှိမယ်ဆိုရင် အလုပ်လုပ်နေရတဲ့ မိဘတွေအနေနဲ့ သူတို့ လစာဖြတ်ခံရမှာ ဒါမှမဟုတ် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ တာဝန်တွေကြောင့် အလုပ် နောက်ကျလို့ရှိရင် သူတို့ရဲ့ လုပ်ဖော်ကိုင်ဖက်တွေကို စိတ်ပျက်စေမှာတွေကို စိတ်ပူနေစရာ မလိုတော့ဘူး။ သူတို့ စိတ်ဖိစီးတာ နည်းနည်း သက်သာသွားမယ်။**

- ဝန်ထမ်းတဦး

လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အစီအစဉ်များဆိုသည်မှာ ပုံစံမျိုးစုံ ဖြစ်နိုင်ပါသည်။

- ဝန်ထမ်းများအား မိမိ အလုပ်ချိန်ကို ကိုယ်တိုင် သတ်မှတ်ခွင့် ပေးခြင်းဖြင့် ၎င်းတို့သည် ပုံမှန် မနက် ၉ နာရီမှ ညနေ ၅ နာရီ အလုပ်ချိန်အဖြစ် လုပ်ရန် မလိုအပ်တော့ပါ။ ထိုအစား သူတို့ ရုံးတက်ချိန်နှင့် ရုံးဆင်းချိန်များကို ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ တာဝန်များအပေါ် မူတည်ပြီး ညှိနှိုင်းနိုင်သည်။
- အလုပ်လုပ်နေသော ကလေးရှိ ဝန်ထမ်းမိဘများအား အထူးသဖြင့် ၎င်းတို့ ကလေးများ ငယ်ရွယ်သည့် အချိန်တွင် သင့်လျော်သောလုပ်အားခလျှော့ပေးခြင်းနှင့်အတူ အပတ်စဉ် အလုပ်လုပ်ချိန် လျှော့ချပေးခြင်း (ဥပမာ - တပတ် နာရီ ၄၀ မှ ၃၀ သို့)
- တစ်ပတ်တွင် နားရက် တစ်ရက် ပိုပေးခြင်းအစား ကျန် ၄ရက်တွင် အလုပ်ချိန် ပိုလုပ်ခွင့် ပေးခြင်း၊ ထိုသို့ လုပ်ခြင်းကို သိပ်သည်း/အတိုချုံ့ အလုပ် ရက်သတ္တပတ်ဟု ခေါ်သည်။
- ဝန်ထမ်း နှစ်ယောက် သို့မဟုတ် နှစ်ယောက်ထက်ပိုသူများကြားတွင် အလုပ်တာဝန် တစ်ခုကို အပိုင်းခွဲ လုပ်ကိုင်ခြင်း ပါဝင်သည့် အလုပ်ခွဲဝေ လုပ်ကိုင်စေခြင်း၊ ထို့ကြောင့် တယောက်ချင်းစီတိုင်းက သူတို့ အလုပ် တာဝန်အတွက် အချိန်ပိုင်း လုပ်ဆောင်ရာတွင် ထိထိရောက်ရောက် လုပ်ဆောင်ကြသည်။
- အိမ်မှ နေ၍ အလုပ်လုပ်ကိုင်ခြင်း (တခါတရံ နည်းပညာသုံး၍ ဆက်သွယ် လုပ်ကိုင်ခြင်း ဟုလည်း ခေါ် သည်) ထိုသို့ လုပ်ဆောင်ရာတွင် ဝန်ထမ်းများအနေဖြင့် အစည်းအဝေးများတွင် ပါဝင်ခြင်းနှင့် လုပ်ဖော် ကိုင်ဖက်များ၊ ဝယ်လိုသူ ဖောက်သည်များနှင့် ဆက်သွယ်ခြင်းတို့ အပါအဝင် ၎င်းတို့၏ အလုပ်တာဝန် များကို အဝေးမှ လှမ်း လုပ်ကိုင်နိုင်မည့် ဆက်သွယ်ရေး ကိရိယာများရှိအောင် ဆောင်ရွက်ပေးရမည်။



ဓါတ်ပုံ: IFC / Hlaing Khin Oo.

လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အချိန်များသည် စီးပွားရေး လုပ်ငန်းတိုင်း သို့မဟုတ် အလုပ်တိုင်း နှင့် ကိုက်ညီသည်တော့ မဟုတ်ပါ။ ဥပမာတစ်ခု ပြရလျှင် ဝန်ထမ်းအယောက်တိုင်းက ကုန်ထုတ်လုပ်မှုတွင် ပါဝင်ရန် လိုအပ်သောကြောင့် စီးပွားရေးလုပ်ငန်းအနေဖြင့် ဝန်ထမ်းများ အားသတ်မှတ်ထားသည့် အချိန်များတွင် လုပ်ငန်းခွင်တွင် ရှိနေစေရန် လိုအပ်သည့် အခါမျိုးဖြစ်သည်။ ဤသို့သော အခြေအနေတွင် ဝန်ထမ်း တဦး၏ ပျက်ကွက်မှုသည် ကုန်ထုတ်လုပ်မှုကို တုံ့ဆိုင်းစေခြင်း သို့မဟုတ် လုံးဝရပ်တန့်စေခြင်းတို့ကို ဖြစ်စေနိုင်ပါသည်။

သို့သော် လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အချိန်များမှာ ဖြည်းဖြည်းချင်း ခေတ်စားလာပါသည်။ နည်း ပညာ တိုးတက်မှုများ က မတူညီသော နေရာများမှနေ၍ အလုပ်လုပ်ကိုင်နိုင်ရန်အတွက် လွယ်ကူအောင် ကူညီ ပေးပါသည်။

လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အချိန်များ ဖန်တီးပေးခြင်းသည် ကလေးရှိသော အမျိုးသမီးများနှင့် အမျိုးသားများအတွက် သာမက ဝန်ထမ်းများ အားလုံးအတွက် ကောင်းသော အကြံတစ်ခု ဖြစ်သည်။ ဤသည်က အလုပ်ချိန် အစီအစဉ်ကို တန်းတူ ညီမျှမှုရှိအောင် လုပ်ဆောင်ပေးပါသည်။ ကလေးမရှိသော ဝန်ထမ်း များအနေဖြင့် ၎င်းတို့သည် မတရားသဖြင့် ဆက်ဆံခံနေရသည် သို့မဟုတ် အလုပ်လုပ်နေသော ကလေးရှိ ဝန်ထမ်း မိဘများက အထူး အခွင့်အရေး ပေးခံရသည်ဟု ထင်မြင်နိုင်သည့် အခြေအနေကို လျော့ပါးစေသည်။ ထိုသို့သော သဘောထားမျိုးက ဆိုးရွားသော အလုပ်ခွင် ဝန်းကျင်ကို ဖန်တီးနိုင်သည်။ တန်းတူညီမျှစွာဖြင့် အမျိုးသမီးနှင့် အမျိုးသား ဝန်ထမ်း များနှင့် မန်နေဂျာများအားလုံးကို လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အချိန်များကို အသုံးချရန်အတွက် တိုက်တွန်းရန် အရေးကြီးသည်။

လိုက်လျောညီထွေမှုရှိသော လုပ်ငန်းခွင် အချိန်များသည် ဝန်ထမ်းများ နာရီတိုင်း အလုပ်လုပ်နေရမည်ကို မဆိုလိုကြောင်း သေချာအောင် ဂရုတစိုက် ဆောင်ရွက်ရန် အရေးကြီးသည်။ လူတိုင်းသည် အီးမေးလ်နှင့် အလုပ် ဖုန်းခေါ်ဆိုမှုများမှ ခွာနေရသည့် အချိန်မျိုးရှိရန် လိုအပ်ပါသည်။

# အဓိက ထည့်သွင်းစဉ်းစားရမည့် အချက်များ

ပုံ ၂- ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ မဟာဗျူဟာရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည့် ရှုထောင့် ၄ ခု




သင့်စီးပွားရေးလုပ်ငန်းအတွက် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့ပေးမည့် နည်းဗျူဟာ ကို အကောင်အထည်ဖော်သည့်အခါ အဓိကထား ထည့်သွင်းစဉ်းစားရမည့် အကြောင်းအရာ အချို့ရှိပါသည်။

**ဝန်ထမ်းများအား ၄င်းတို့၏ ကလေး သူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်ပြီး မေး မြန်းပါ။** ကလေး သူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဖြေရှင်းမှု နည်းလမ်းများသည် ဝန်ထမ်းများ နှင့် လိုအပ်များ နှင့် ကိုက်ညီအောင် ကလေးသူငယ် ပြုစုစောင့်ရှောက်မှု နှင့် ပတ်သက်သည့် ရှုထောင့် ၄ခု- ရယူသုံးစွဲနိုင်မှု၊ အကုန်ကျခံနိုင်မှု၊ လက်လှမ်းမီနိုင်မှုနှင့် အရည်အသွေး တို့အပေါ် မူတည်ပြီး ရေးဆွဲရမည်။

အလုပ်လုပ်နေသော ကလေးရှိ ဝန်ထမ်း မိဘများ ဘာလိုအပ်သလဲ ဆိုသည်ကို သိရှိနားလည်အောင် လုပ်ခြင်းသည် သင့် စီးပွားရေးလုပ်ငန်း အတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်မှု အထောက်အပံ့ကို ဆောင်ရွက်ရန် ပထမ အဆင့် အရေးအကြီးဆုံးဖြစ်သည်။

**မတူကွဲပြားသော ရွေးချယ်စရာ နည်းလမ်းများကို ကမ်းလှမ်းပါ** - အလုပ်လုပ်နေသော ကလေးရှိ ဝန်ထမ်း မိဘများတွင် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ထောက်ပံ့မှုနှင့် ပတ်သက်ပြီး မတူကွဲပြားသော လိုအပ်ချက်များ ရှိကောင်း ရှိနိုင်ပါသည်။ အချို့သော သူများအတွက် ရေရှည် အထောက်အပံ့မျိုး လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။ အချို့အတွက်မူ ၎င်းတို့ ပုံမှန်လုပ်နေကျ ကလေးသူငယ်ပြုစုစောင့်ရှောက်မှု အစီအစဉ်များ အလုပ်မဖြစ်သည့်အခါ အကူအညီ လိုအပ်နိုင်ပါသည်။ ဥပမာအားဖြင့် ကလေးကို ပုံမှန် စောင့်ရှောက်ပေးနေကျ အဖိုး၊ အဖွား နာမကျန်းဖြစ်သောအခါမျိုးတွင် ဖြစ်သည်။ လစာနည်းပါးသော ဝန်ထမ်းများ အနေဖြင့် ကုန်ကျငွေကို ပြန်ထုတ်ပေးခြင်း သို့မဟုတ် သယ်ယူပို့ဆောင်ရေးအတွက်ခံစားခွင့် စသည့် အခြားသော အပိုဆောင်း အထောက်အပံ့များ လိုအပ်နိုင်ပါသည်။ သို့မှသာ ၎င်းတို့ ကလေးအား ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာများသို့ လုံခြုံမှု ရှိရှိ အကြိုအပို့ လုပ်နိုင်မည် ဖြစ်သည်။



**စီးပွားရေး အခြေအနေကို ထည့်သွင်းစဉ်းစားပါ** - သင့် လုပ်ငန်းသည် မတူကွဲပြားသော နေရာများတွင် လုပ်ငန်းခွင်များစွာရှိပါက ထို မတူညီသော နေရာများတွင်ရှိသော စီးပွားရေးလုပ်ငန်းများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်တင်းနိုင်ရန် မတူကွဲပြားသော ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ နည်းလမ်းများ လိုအပ်နိုင်ပါသည်။ အချို့သော အထောက်အပံ့ နည်းလမ်းများသည် သင်၏ လုပ်ငန်းလည်ပတ်မှုအပေါ် မူတည် ပြီး သင့် စီးပွားရေးလုပ်ငန်းနှင့် လိုက်လျောညီထွေမှု ရှိမည်မဟုတ်ပါ။ ဥပမာအားဖြင့် လိုက်လျောညီထွေမှု ရှိသော အလုပ်ချိန် ပေးထားခြင်းသည် ဝယ်လိုသူ ဖောက်သည်နှင့် တိုက်ရိုက် ထိတွေ့နေရခြင်း သို့မဟုတ် ကုန်ထုတ်လုပ်မှု၏ တစိတ်တဒေသ ဖြစ်ခြင်းကြောင့် အလုပ်ပြီးမြောက်ရန် ဝန်ထမ်းများအား သတ်မှတ်ထားသည့် အချိန်များတွင် အလုပ်ဆင်းစေရန် လိုအပ်သော စီးပွားရေး လုပ်ငန်းများအတွက် ကိုက်ညီမှုရှိမည် မဟုတ်ပါ။

**အထောက်အပံ့များသည် ကျား/မ မရွေး တန်းတူညီမျှမှု ရှိရမည်** - မိခင်ရော ဖခင်ပါ ကလေးသူငယ် ပြုစု စောင့် ရှောက်ရေးဆိုင်ရာ တာဝန်ဝတ္တရားများ ရှိပါသည်။ အမျိုးသမီး ဝန်ထမ်းများနှင့် အမျိုးသား ဝန်ထမ်းများ အားလုံး ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့များနှင့် ခံစားခွင့်များကို ရရှိ ခံစားခွင့် ရှိသင့်သည်။ နှစ်ဖက်စလုံးကို ထိုသို့ လုပ်ဆောင်ရန် တိုက်တွန်းအားပေးသင့်သည်။

**ဥပဒေကို နားလည်အောင် လုပ်ပါ** - မြန်မာနိုင်ငံတွင် လူမှုဖူလုံရေး ရန်ပုံငွေ ထည့်ဝင်သည့် ဝန်ထမ်းများအတွက် မိဘဖြစ်ခွင့်နှင့် ပတ်သက်သော ခံစားခွင့်များကို ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေတွင် ပြဋ္ဌာန်းထားပြီး ဤဥပဒေက လွှမ်းခြုံမှုမရှိသော ဝန်ထမ်းများအတွက် ၁၉၅၁ ခုနှစ် ခွင့်ရက်နှင့် အားလပ်ရက်များဆိုင်ရာ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ ဝန်ထမ်းက လူမှုဖူလုံရေးဘုတ်အဖွဲ့ကို ငွေကြေး ထည့်ဝင်ပေးဆောင်နေသမျှ ထိုခွင့်ရက်များအတွက် လစာပေးရမည်မှာ လုပ်ငန်းရှင်၏ တာဝန်ဖြစ်သည်။



ဓါတ်ပုံ: IFC / Victoria Milko.

# မြန်မာနိုင်ငံရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်မှုဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ



**စီးပွားရေးအတွက် အသုံးပြုသော အမည်**
မြန်မာနိုင်ငံ

**အဓိက စီးပွားရေးမြို့တော်**
ရန်ကုန်*

**နယ်မြေဒေသ**
အရှေ့ အာရှနှင့် ပစိဖိတ်

**ဝင်ငွေ အဆင့်အတန်း**
အလယ်အလတ် အဆင့် နိမ့်ပါးသော ဝင်ငွေ

**လူဦးရေ**
၅၃၇၀၈၃၉၅

**အမျိုးသမီး ဦးရေ**
၂၇၄၇၆၅၅၅

**လုပ်သားအင်အား ပါဝင်မှု (၁၅+)**
၅၂% အမျိုးသမီး
၈၂% အမျိုးသား

**မဖြစ်မနေ တက်ရောက်ရမည့် မူလတန်း ပညာရေး အပ်နှံရန် သတ်မှတ်ထားသည့် အသက်အရွယ်**
၆ နှစ်

## ခွင့်ရက်ဆိုင်ရာ မူဝါဒများ

| | | |
|---|---|---|
| လစာပေးသော မီးဖွားခွင့် | ရှိ | ၇၀ ရက် |
| လစာပေးသော ဖခင်ဖြစ် ခွင့် | ရှိ | ၁၅ ရက် |
| လစာပေးသော မိဘဖြစ် ခွင့် | မရှိ | |

## ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ကူညီထောက်ပံ့ရန် လုပ်ငန်းရှင်များအတွက် ဥပဒေကြောင်းအရ ပြဋ္ဌာန်း ထားသော တာဝန်များ

| | အသက် ၀ နှစ် မှ ၂ နှစ် | အသက် ၃ နှစ်မှ ၅ နှစ် |
|---|---|---|
| ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးအတွက် ထောက်ပံ့ပေးရန် လုပ်ငန်းရှင်များတွင် တာဝန် ရှိ/မရှိ^ | ရှိ | ရှိ |
| အမျိုးသမီး ဝန်ထမ်း ဦးရေ အပေါ် မူတည်ပါသလား^ | ၁၀၀ နှင့် အထက် (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာများ) | ၁၀၀ နှင့် အထက် (ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာများ) |
| ကျား/မ မရွေးဘဲ ဝန်ထမ်း အားလုံး အရေအတွက်ပေါ် မူတည်သလား။ | မရှိ | မရှိ |
| လုပ်ငန်းရှင်မှ ထောက်ပံ့သည့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး အထူး ဥပဒေ ပြဋ္ဌာန်း ထားမှု ရှိ/မရှိ | မရှိ | မရှိ |

## လုပ်ငန်းရှင်များအနေဖြင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး အထောက်အပံ့ပေးရန်အတွက် အစိုးရမှ ပေး သော မက်လုံး

| | | |
|---|---|---|
| ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ပေးသည့် လုပ်ငန်းရှင်များအတွက် အခွန်အခဆိုင် ရာ ခံစားခွင့်များ ရှိ/ မရှိ | မရှိ | မရှိ |
| ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ပေးသည့် လုပ်ငန်းရှင်များအတွက် အခွန်နှင့် မသက်ဆိုင်သော ခံစားခွင့်များ ရှိ/မရှိ (ငွေကြေး သို့မဟုတ် ငွေကြေးမဟုတ်သော ခံစားခွင့်များ) | မရှိ | မရှိ |

## ပုဂ္ဂလိက ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ၏ အရည်အသွေး

| | | |
|---|---|---|
| လိုင်စင် သို့မဟုတ် မှတ်ပုံတင် လိုပါသလား၊ | ရှိ | ရှိ |
| သတ်မှတ်ဇုံဆိုင်ရာ ပြဋ္ဌာန်းချက်များ ရှိ/မရှိ | မရှိ | မရှိ |
| ဆရာ-တပည့် အချိုးအစား ညီရန် လို/မလို | ရှိ | ရှိ |
| ဥပဒေများနှင့် မညီသောကြောင့် ပေးဆောင်ရသော ဒဏ်ကြေးများ ရှိ/မရှိ | ရှိ | ရှိ |

^ စက်ရုံအလုပ်ရုံများအတွက်သာ အကျုံးဝင်ပါသည်။
* ***အမျိုးသမီးများ၊ စီးပွားရေးနှင့် ဥပဒေ*** အချက်အလက်များသည် အဓိက စီးပွားရေးမြို့တော် အပေါ် သက် ရောက်မှု ရှိသော အိမ်တွင်းမှုဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်း စည်းကမ်းများအပေါ်တွင် အခြေခံ ထားပါသည်။ မီးဖွားခွင့်၊ ဖခင်ဖြစ်ခွင့်၊ မိဘဖြစ်ခွင့်ဆိုင်ရာ တွက်ချက်မှု သုတေသန နည်းစနစ်များအပါအဝင် သုတေသနလုပ် သည့် နည်းစနစ်များနှင့် ပတ်သက်သော အချက်အလက်များ ပိုမိုသိရှိလိုပါက wbl.worldbank.org ဝက်ဆိုဒ် စာမျက်နှာတွင် ဝင်ရောက်လေ့လာနိုင်ပါသည်။



ဓါတ်ပုံ: IFC / Victoria Milko.

# နိုင်ငံတကာ သာဓကများ

## Afrifresh၊ တောင်အာဖရိက။ လယ်ယာစီးပွားလုပ်ငန်း

- လတ်ဆတ်သော သီးနှံ ထုတ်လုပ်သူနှင့် တင်ပို့ ရောင်း ချသူ

အမျိုးသမီးများသည် အမြဲတမ်း လုပ်သားအင်အား၏ ၃၅% ကို ကိုယ်စားပြုပြီး ရာသီချိန် လုပ်သားအင်အား၏ ၄၈.၅% ကို ကိုယ်စားပြုပါသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- ဥပဒေ ပြဋ္ဌာန်းချက်အရ မီးဖွားခွင့်
- မိသားစု တာဝန်များ ထမ်းဆောင်ရခြင်းအတွက် လစာပေးသော အပိုဆောင်း ခွင့် ၃ရက်
- စိုက်ပျိုးရေးခြံထဲတွင် လုပ်ငန်းခွင်တွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်မှုပေးသည့် နေရာများ - အများစုမှာ မူလတန်း အရွယ် ကလေးများအတွက်ဖြစ်ပြီး အရွယ်ရောက်နေပြီဖြစ်သော ကလေးများအတွက် ကျောင်းဆင်းချိန်အပြီး စောင့်ရှောက်မှု၊ တနင်္လာမှ သောကြာနေ့ထိ မနက် ၇ နာရီမှ ညနေ ၆ နာရီ အထိ ဖွင့်လှစ်သည်။
- ကလေးများအတွက် ကျောင်း အသွား/အပြန် သယ်ယူပို့ဆောင်ပေးခြင်း
- အတတ်ပညာရှင် ဝန်ထမ်းများအတွက် မတူညီသော ရုံးတက်ချိန်နှင့် ရုံးဆင်းချိန်များ အပါအဝင် မိခင်ဖြစ်စ ဝန်ထမ်းများအတွက် အိမ်မှနေ၍ အလုပ်လုပ်ကိုင်ခွင့်တို့ အပါအဝင် လိုက်လျောညီထွေမှု ရှိသောအလုပ်ချိန်

လုပ်ငန်းခွင်တွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာများသည် ကလေးသူငယ် ပြုစုစောင့်ရှောက်မှုဆိုင်ရာ အထောက်အပံ့အတွက် သာဓကကောင်း တစ်ခုဖြစ်ပြီး ကျေးလက်ဒေသများရှိ လစာ နည်းပါးသော ဝန်ထမ်းများအတွက် အထူး အကျိုးရှိစေပါသည်။

> "ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာကြောင့် ဒီမှာ အလုပ်လုပ်ရတာ ပိုပြီး အဆင်ပြေတယ်။ တကယ်လို့ ကလေးကို မြို့ထဲ မှာရှိတဲ့ ကလေးထိန်းကျောင်းကို ပို့ရလို့ရှိရင် တော်တော်လေး ကုန်ကျစရိတ်များမယ်"
>
> - အမျိုးသမီး ဝန်ထမ်းတဦး

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- ရွေးချယ်သင့်သော လုပ်ငန်းရှင်အဖြစ် ရှုမြင်ခံရခြင်း
- အချိန်ပို ဆင်းနိုင်ခြင်းနှင့် အလုပ်ထဲတွင် အပြည့်အဝ လုပ်ဆောင်နိုင်မှု ရှိခြင်း
- လုပ်ငန်းခွင်ထဲတွင် ရှိနေစေခြင်းကြောင့် ဝန်ထမ်းများ၏ ကလေးများ လုံခြုံမှုကို မြှင့်တင်ပေးခြင်း
- ဝယ်သူနှင့် ဖောက်သည်များအကြားတွင် ဂုဏ်သတင်း ကြီးထွားလာခြင်း၊ ဈေးကွက်ရရှိမှု အခွင့် အလမ်းများကိုလည်း ဖန်တီးပေးခြင်း

> "ဒီနယ်မြေအတွင်းမှာ စိုက်ပျိုးရေးခြံ ၁၈ ခြံကနေ ၁၅ ခြံလောက်အထိရှိတယ်၊ အကုန်လုံးက အလုပ်သမား ရရှိဖို့ ပြိုင်ဆိုင်နေကြရတယ်။ ကျွန်တော်တို့အနေနဲ့ အခြားသူတွေ လိုပဲ အနည်းဆုံးတော့ တူညီတဲ့ စည်းမျဉ်း သတ်မှတ်ချက်တွေ ထားပေးရတယ်။ ပိုမိုကောင်းမွန်တဲ့အရည်အသွေးရှိတဲ့ အလုပ်မျိုး ဖော်ဆောင်ပေးတာက ရွေးချယ်သင့်တဲ့ လုပ်ငန်းရှင်ဖြစ်ဖို့အတွက် အရေးကြီးပါတယ်"
>
> - Colette Hugo ၊ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ညှိနှိုင်းရေးမှူး

## တိုကျိုဘဏ် - Mitsubishi UFJ ကုမ္ပဏီ၊ ဂျပန်။

- ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုများ - ဂျပန်နိုင်ငံ၏ ထိပ်တန်း ဘဏ်တခု

ဂျပန်နိုင်ငံတွင်ရှိသော တိုကျိုဘဏ် - Mitsubishi UFJ ကုမ္ပဏီ၏ အမြဲတမ်းဝန်ထမ်း ၃၁၈၀၀ ဦးထဲမှ ၄၉.၅ ရာခိုင်နှုန်းနှင့် စာချုပ်ချုပ်ထားသော ဝန်ထမ်း ၁၁၄၂၅ ဦးထဲမှ ၉၀ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- ကလေး ၂ နှစ် မပြည့်ခင်အထိ အလုပ်က အကာအကွယ်ပေးသည့် တစ်နှစ်တိတိ လစာမဲ့ မိဘ ဖြစ်ခွင့် (အစိုးရ ထောက်ပံ့သော လစာ၏ သုံးပုံ နှစ်ပုံပေးသော တစ်နှစ်တာ ခွင့် အပြင်)
- ကိုယ်ဝန်ဆောင်ချိန်၊ မီးဖွားခွင့် ယူထားချိန်နှင့် မီးဖွားပြီး အလုပ်ပြန်ဝင်ချိန် အတောအတွင်း အမျိုးသမီး များအတွက် ထောက်ပံ့ရေးအစီအစဉ်များ
- ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ထောက်ပံ့ကြေး စရိတ်များ
- ကလေးသူငယ်ပြုစုစောင့်ရှောက်မှု သို့မဟုတ် ကလေးထိန်းများ ရှာဖွေခြင်းအတွက် ဆွေးနွေးတိုင်ပင်ခြင်း ဝန်ဆောင်မှု
- အများဆုံး ၁၀ ရက်အထိ ယူနိုင်သော ကလေး သူငယ် ပြုစုစောင့်ရှောက်မှုအတွက် ခွင့်
- ကလေး အသက် ၉နှစ် မပြည့်ခင်အထိ အချိန်ပိုင်း အလုပ်လုပ်ခွင့်
- အချိန်ပိုဆင်းရခြင်းမှ ကင်းလွတ်ခွင့်
- လိုက်လျောညီထွေမှုရှိသော အလုပ်ချိန်

ဂျပန်နိုင်ငံရှိ ၆၀ ရာခိုင်နှုန်းထက် ကျော်လွန်သော လုပ်ငန်းခွင်ဝင် အမျိုးသမီးများသည် မိခင် ဖြစ်သွားသည့်အခါ လုပ်ငန်းခွင်မှ ထွက်ခွာသွားကြသည်၊ များသောအားဖြင့် နှစ်ပေါင်း များစွာကြာတတ်သည်။ မီးဖွားခွင့် မစတင်ခင် အမျိုးသမီးများအားလုံးသည် ၎င်းတို့ အလုပ်ပြန်ဝင်ရန် အားပေးမည့်၊လုပ်ငန်းခွင်ဝင် မိခင်တယောက် ဖြစ်ခြင်းနှင့် ပတ်သက်ပြီး စိုးရိမ်မှုများကိုဖြေရှင်းနိုင်ရန် ကူညီပေးမည့် သူတို့၏ လိုင်းမန်နေဂျာနှင့် တွေ့ကြရသည်။ သူမ အနေဖြင့် အလုပ်ထဲသို့ ပြန်မဝင်ခင် လုပ်ငန်းခွင် ပြန်ဝင်ရသည်မှာ အဆင်ပြေချောမွေ့မှုရှိရန် အတွက် မိခင်လောင်းနှင့် ၎င်း၏ ကြီးကြပ်သူတို့ သေချာ ဆွေးနွေးမှု ထပ်လုပ်ရသည်။

"ကျွန်ုပ်တို့ ဒုတိယ အပိုင်း စတင် လုပ်ဆောင်ချိန်မှာ အမျိုးသမီးဂန်ထမ်းတွေကို ကိုယ်ဝန်ဆောင်ချိန်အတွင်းမှာ ဘယ်လို ပံ့ပိုးကူညီရမယ်၊ လုပ်ငန်းခွင်ထဲ ပြန်ဝင်နိုင်အောင် ဘယ်လို ကူညီရမယ်ဆိုတာနဲ့ ပတ်သက်ပြီး လိုင်းမန်နေဂျာတွေကို သင်တန်း ပေးခြင်းဟာ မဖြစ်မနေလုပ်ဆောင်ရတဲ့ အစီအစဉ်တခု ဖြစ်ပါတယ်။ အခုဆိုရင် အဲ့ဒီလို သင်တန်းမျိုးတွေကို မန်နေဂျာ အသစ်တွေအတွက် ပဲ လုပ်ပေးဖို့ လိုပါတော့တယ်။ ဒါဟာ ကျွန်တော်တို့ လုပ်ငန်းခွင် ယဉ်ကျေးမှုအတွက် စံထားရတဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်"

- Nobue Kamba ၊ အထွေထွေမန်နေဂျာ၊ Diversity &Inclusion Office"

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- မိခင်လောင်းများကို လုပ်ငန်းခွင်တွင်ဆွဲဆောင်ထိန်းထားနိုင်မှု လျှင်မြန်စွာတိုးတက်လာခြင်း
- ဝယ်လိုသူများ၏ စိတ်ကျေနပ်မှုကို တိုးမြှင့်ပေးခြင်း
- ဆုတံဆိပ်များ ရရှိမှုနှင့် ကောင်းမွန်သော နာမည်ကျော်ကြားမှု
- ဘဏ်လုပ်ငန်း၏ ကျား/မနှင့် အခြား ဂျန်ဒါများ မတူကွဲပြားစွာ ပါဝင်မှု နည်းဗျူဟာအတွက် အရေးပါသော အခြေခံ အုတ်မြစ်

"မကြာသေးခင်က ဝန်ထမ်းသစ် ရှာဖွေရေး အခမ်းအနားတစ်ခုမှာ ဘဏ်အကြောင်း တင်ပြရတဲ့အခါ ကျောင်းသူတွေဆီက မေးခွန်းတွေ အများကြီး လက်ခံရရှိပါတယ်၊ ဥပမာအနေနဲ့ 'မီးဖွားခွင့်က တကယ်ရတာလား' ပြီးတော့ 'ခွင့်ယူပြီးတဲ့အခါ ဘဏ်မှာ ပြန်လာ လုပ်ဖို့ တကယ် ဖြစ်နိုင်သလား'၊ ကျွန်မအနေနဲ့ 'ဟုတ်ပါတယ်' လို့ ဖြေနိုင်ဖို့က အရေးကြီးတယ်လေ"

- D&I အဖွဲ့၏ အမျိုးသမီး အဖွဲ့ဝင်

## Mindtree, အိန္ဒိယ၊ သတင်းအချက်အလက် နည်းပညာ- နိုင်ငံတကာ သတင်းအချက်အလက်နှင့် နည်းပညာ ဆိုင်ရာ အကြံပေး ဝန်ဆောင်မှုလုပ်ငန်း


Mindtree ၏ အမြဲတမ်း ဝန်ထမ်းများ၏ ၂၈ ရာခိုင်နှုန်းကို အမျိုးသမီးများက ကိုယ်စားပြုထားသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- လုပ်ငန်းခွင်အတွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာ ထားရှိခြင်း
- ညဆိုင်း ဆင်းရသော ဝန်ထမ်းများအတွက် ပြင်ပ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာများတွင် နေရာ ချန်လုပ်ထားပေးခြင်းနှင့် အခမဲ့ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးဝန်ဆောင်မှု
- လစာရ မီးဖွားခွင့်နှင့် ဖခင်ဖြစ်ခွင့်
- မိခင်လောင်းများ အချင်းချင်းကြား ဆက်သွယ်မှု၊ ချိတ်ဆက်မှု၊ လှုံ့ဆော်နိုင်မှုဖြစ်စေရန် MiLady App က စွမ်းဆောင်ပေးပါသည်
- နို့ရည်တိုက်ခြင်းအတွက် ထားပေးထားသော သီးသန့်အခန်း
- အိမ်မှနေ၍ အလုပ်လုပ်နိုင်ရန် ရွေးချယ်စရာ နည်းလမ်းများ
- လုပ်ငန်းခွင်ဝင်းထဲတွင် ကလေး ခေါ်ခွင့်ပေးခြင်း၊ ထိုသို့ လုပ်ခြင်းက မိဘများအနေဖြင့် သူတို့ကလေးကို ကြည့်ရှုစောင့်ရှောက်ရင်း အလုပ်လုပ်နိုင်စေသည်။

Mindtree ၏ Bangalore ရုံးချုပ်တွင် အလုပ်လုပ်နေသော အမျိုးသမီးနှင့် အမျိုးသား ဝန်ထမ်းများ (စာချုပ်ချုပ် ထားသော ဝန်ထမ်းများ အပါအဝင်) သည် ၎င်းတို့၏ ကလေးများကို ပြုစုစောင့်ရှောက်ပေးရန် Little Critters တွင် ထားနိုင်သည်။ ဤနေရာသည် ကုမ္ပဏီ၏ ဓလေ့ထုံးစံနှင့်အညီ တည်ဆောက်ထားသော ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာဖြစ်ပြီး အသက် ၆လမှ ၈နှစ်အထိ ကလေးများကို ဝန်ဆောင်မှုပေးသည်။ ဤစင်တာသည် မူကြိုအရွယ် ကလေးများအတွက် အချိန်ပြည့် နေ့ပိုင်း ကလေးထိန်းပေးခြင်းနှင့် ထိုထက် အသက်ကြီးသော ကလေးများအတွက် ကျောင်းဆင်းချိန်အပြီး ပြုစုစောင့်ရှောက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။

> "Little Critters သာ မရှိခဲ့ဘူးဆိုရင် ကျွန်မ အလုပ်ကို စွန့်လွှတ်လိုက်ရမှာပဲ၊ ကျွန်မ မိဘတွေကလည်း အလုပ် လုပ်ကြတယ်၊ သူတို့ မကူညီနိုင်ဘူး၊ ပြီးတော့ အိမ်မှာ ကလေးနဲ့ တယောက်တည်း အတူနေပေးဖို့ ယုံကြည် ရလောက်တဲ့ ကလေးထိန်း ရှာလို့ မတွေ့ဘူး"
>
> - Mindtree ၏ ဝန်ထမ်း၊ မိခင်၊ Little Critters ကို သုံးစွဲသူ



### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- အပြိုင်အဆိုင်များသော လုပ်သားဈေးကွက်ထဲတွင် ဆုရရှိသော လုပ်ငန်းရှင်ဖြစ်ခြင်း
- ယေဘုယျအားဖြင့် အသစ်စက်စက်မိခင်များနှင့် မိဘဖြစ်သူ ဝန်ထမ်းများကို လုပ်ငန်းခွင်တွင်သေချာ ထိန်းထားနိုင်ခြင်း
- Mindtree ၏ မတူကွဲပြားမှု နှင့် အားလုံးပါဝင်မှု ရည်မှန်းချက်များအတွက် အဓိက အခြေခံ အုတ်မြစ် တည်ဆောက်နိုင်ခြင်း

> "ကျွန်တော်တို့အနေနဲ့ ကျား၊ မ မတူကွဲပြားမှုကို အားပေးဖို့ ဆန္ဒရှိရင် ကလေးသူငယ်ပြုစုစောင့်ရှောက်မှုကို ပံ့ပိုး ပေး ရပါမယ်။ အမျိုးသမီးတွေအနေနဲ့ အလုပ်နဲ့ ကလေးသူငယ်ပြုစုစောင့်ရှောက်မှု ထဲက တစ်ခုကို မဖြစ်မနေ ရွေးချယ်ရရင် သူတို့ရဲ့ ကလေးတွေကိုပဲ ရွေးချယ်ကြလိမ့်မယ်"
>
> - Jagannathan Chakravarthi၊ ဘဏ္ဍာရေး အရာရှိချုပ်

## Pandurata Alimentos Ltda. (Bauducco), ဘရာဇီး၊ အစားအသောက် ထုတ်လုပ်ရောင်းချခြင်း

- ထိပ်တန်း ထုတ်လုပ်သူနှင့် ကိတ်နှင့် အခြား မုန့်ဖုတ်ပစ္စည်းများ ဖြန့်ချီသူ

Sao Paulo ၏ အမြဲတမ်း လုပ်သားအင်အား၏ ၅၈ ရာခိုင်နှုန်းကို အမျိုးသမီးများက ကိုယ်စားပြုပြီး ၅ ရာခိုင်နှုန်းသော ဝန်ထမ်းများတွင် ၃နှစ်အောက် ငယ်သော ကလေးများရှိသည်။

### ဝန်ထမ်းများအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- အနီးအနားရှိ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာတွင် နေရာများ ချန်လှပ်ပေးထားခြင်း
- ဈေးနှုန်းသက်သက်သာသာဖြင့် ဝန်ဆောင်မှုရရှိစေတ ပြည်တွင်း ပုဂ္ဂလိက ကလေးသူငယ်ပြုစု စောင့်ရှောက်ရေး ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းပေးထားပြီး လွှဲပြောင်းပေးခြင်း
- ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ မိခင်များ၊ ကလေးများအတွက် လစဉ် ကျန်းမာရေးဆိုင်ရာ အကြံပေးခြင်း
- မိဘလောင်းများအတွက် လိုအပ်သည်များ ထောက်ပံ့ပေးသည့် အစီအစဉ်
- ကလေး၏ ပထမဆုံး ကျောင်းတက်ရက်တွင် လက်ဆောင်ခြင်း ပေးပို့ခြင်း
- လုပ်ငန်းခွင်တွင်း ၂၄နာရီ သူနာပြု/ဆရာဝန် ထားရှိပေးခြင်း

နာမကျန်းဖြစ်နေသော ကလေးများကို စောင့်ရှောက်ပေးခြင်းနှင့် ပတ်သက်၍ Bauducco က ဘရာဇီးနိုင်ငံ၏ ဥပဒေများကို လိုက်နာမှုရှိသည်။ ထို့ပြင် ဝန်ထမ်းများအနေဖြင့် ကလေးကို ပြုစုစောင့်ရှောက်ရန်အတွက် လစာရ ဖျားနာခွင့် ယူနိုင်သည်။ ယေဘုယျအားဖြင့် ဆရာဝန်ထံမှ ဆေးစာ လိုပါသည်။ ကလေး သူငယ် ပြုစု စောင့်ရှောက်ရေး စင်တာ၌ ရှိနေချိန်တွင် ဖျားနာသည့် ကလေးများအတွက် ကလေး အခြေအနေနှင့် ပတ်သက်ပြီး စင်တာမှ ဝန်ထမ်းများ၏ နှုတ်ဖြင့် အတည်ပြုချက်သာ လိုအပ်သည်။

> "တကယ်လို့ ကလေး နာမကျန်းဖြစ်တဲ့အခါ ကလေး ပြုစုစောင့်ရှောက်ရေး စင်တာက အမေကို အသိပေးဖို့ ဖုန်း ခေါ်ပါလိမ့်မယ်၊ ပြီးတဲ့နောက် အမေအနေနဲ့ ကလေးကို သွားကြိုဖို့ လွတ်လွတ်လပ်လပ် သွားနိုင်ပါတယ်၊ ကျွန်မတို့အနေနဲ့ ကလေး ပြုစုစောင့်ရှောက်ရေး စင်တာကို ယုံပါတယ်၊ ကလေး တကယ် နေမကောင်းဖြစ်မှပဲ သူတို့ ဖုန်းဆက်ပါတယ်"
>
> - အမျိုးသမီး လက်ထောက် စက်ရုံ မန်နေဂျာ



### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- လုပ်ငန်း၏ ဂုဏ်သတင်းကို တိုးတက်စေသည်
- ပျက်ကွက်မှု လျော့ကျခြင်း၊ ပိုမို အာရုံစူးစိုက်နိုင်မှု၊ စိတ်ထည့် နှစ်မြှုပ် လုပ်ဆောင်မှုနှင့် စိတ်အား ထက်သန်မှု တိုးတက်လာခြင်း မှတဆင့် အလုပ်တွင် အပြည့်အဝလုပ်ဆောင်နိုင်မှုကို တိုးမြှင့်ပေး သည်။

> "ကလေးတွေကို ပြုစုစောင့်ရှောက်ရေးစင်တာမှာ ထားထားတဲ့ အမျိုး သမီးတွေဟာ မကြာခဏ အလုပ်ပျက်ကွက်တာမျိုး မဖြစ်တော့ဘူး။ ပြီးတော့ အမှားတွေ အများကြီးလည်း မလုပ်မိတော့ဘူး"
>
> - အမျိုးသား စက်ရုံ လက်ထောက်မန်နေဂျာ

## MAS Kreeda Al Safi- Madaba

- ဂျော်ဒန်။ အထည်ချုပ် လုပ်ငန်း

MAS Kreeda Al Safi- Madaba ၏ လုပ်သားအင်အား ၉၂ ရာခိုင်နှုန်းကို အမျိုးသမီးများက ကိုယ်စားပြုသည်။ ထို့အပြင် အမျိုးသမီး ၁၉ ရာခိုင်နှုန်းနှင့် အမျိုးသား ၇၅ ရာခိုင်နှုန်း တို့တွင် အသက် ၆နှစ်အောက် ကလေးများ ရှိကြသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- လုပ်ငန်းခွင်တွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာထားရှိခြင်း
- အမေနှင့် ကလေးများ စက်ရုံသို့ အသွားအပြန် အတွက် အခမဲ့သယ်အကြိုအပို့ပြုလုပ်ပေးခြင်း
- ဝန်ထမ်းများနှင့် ကလေးငယ်များကို ဝန်ဆောင်မှုပေးမည့် ဆရာဝန်များနှင့် သူနာပြုများရှိခြင်း
- လုပ်ငန်းခွင်တွင်း နို့ချိုတိုက်ကျွေးရန် နေရာထိုင်ခင်းများထားရှိခြင်း
- အမျိုးသမီးများကို မန်နေဂျာများ/အမှုဆောင်အရာရှိများအဖြစ်လုပ်ကိုင်နိုင်ရန်အတွက် ပံ့ပိုးကူညီရန် "အမျိုးသမီးများသည် အဆုံးမဲ့လုပ်ဆောင်နိုင်စွမ်းရှိသည်" ဆိုသည့် လုပ်ငန်းခွင် တစ်ခုလုံး၏ ပဏာမခြေလှမ်း ဆောင်ရွက်ခြင်း

အစပိုင်းတွင် မိခင်များက ကလေးများကို သူတို့ သိပြီး ယုံကြည်ရသော မိသားစုဝင်များ သို့မဟုတ် အိမ်နီးချင်းများအားစောင့်ရှောက်စေခြင်းထက် သူစိမ်းများအა ပြုစုစောင့်ရှောက်စေခြင်းမှာ ပိုမိုကောင်းမွန်ပြီး လုံခြုံမှုရှိသည်ဆိုသည်ကို မယုံကြည်ကြပါ။ သို့သော် မိခင်များအနေဖြင့် စင်တာအား အသုံးပြုပြီးချိန်မှစပြီး ထိုအမြင် ပြောင်းလဲသွားသည်။ တဆင့်စကားဖြင့် စင်တာနှင့် ပတ်သက်ပြီး မိခင်များ၏ စိတ်ကျေနပ်မှုသည် ပျံ့နှံ့သွားပြီး ကလေးသူငယ် ပြုစု စောင့် ရှောက်ရေး နေရာများ တောင်းဆိုမှု မြန်မြန် တိုးတက်လာသည်။

> "ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာ မစခင်တုန်းက ဆောင်းရာသီကြီးမှာတောင် အမျိုးအိမ်ကို လမ်းလျှောက်သွားပြီး ကလေးကို သွားပို့ခဲ့ရတယ်။ အထူးသဖြင့် ဆောင်းရာသီမှာ ကလေးဖျားနာတဲ့အခါ၊ ဒါမှမဟုတ် ဆွေမျိုးတွေက ပြုစုစောင့်ရှောက်ပေးဖို့ မအားလပ်တဲ့အခါ ကျွန်မ အိမ်မှာပဲ နေရတယ်၊ အခု ကလေးသူငယ်ပြုစု စောင့်ရှောက်ရေး ဝန်ဆောင်မှုနဲ့ အကြိုအပို့လုပ်ပေးတဲ့အတွက်ကြောင့် တော်တော်လေး အဆင်ပြေလာပြီ၊ ကျွန်မ တို့ ခွင့်ယူ ခဲလာပြီ"
> - ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာ အသုံးပြုသူ တဦး

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- မိခင်များ လုပ်ငန်းခွင် ဝင်ရောက်မှု နည်းပါးပြီး မိခင်များအား အိမ်ပြင်ထွက် အလုပ် မလုပ်စေသည့် ဓလေ့ထုံးစံရှိသောဒေသတွင် အမျိုးသမီး ဝန်ထမ်းများ စုဆောင်းနိုင်ခြင်းနှင့် လက်ရှိ လုပ်နေသော အမျိုးသမီး ဝန်ထမ်းအား လုပ်ငန်းခွင်တွင် စွဲဆောင်ထိန်းထားနိုင်ခြင်း
- ဝယ်လိုသူများ ပိုမို ရရှိလာခြင်း - ထိုသူများသည် စာချုပ်မချုပ်ဆိုခင် ကုမ္ပဏီအနေဖြင့် နိုင်ငံတော်၏ အလုပ်သမား ဥပဒေများကို လိုက်နာကြောင်း အထောက်အထား မြင်တွေ့လိုကြသည်။
- ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာ ဖွင့်လှစ်သည့် ပထမ လပိုင်း အနည်းငယ်အတွင်း ဝန်ထမ်းများ ပျက် ကွက်မှု ၉% ထိ လျော့ကျသွားခဲ့သည်။

> "ကလေး သူငယ် ပြုစုစောင့်ရှောက်ရေး စင်တာ ဖွင့်လိုက်ခြင်းက ရှေ့ဆောင် လမ်းပြအနေနဲ့ ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရဲ့ ဂုဏ်သတင်းကို မြင့်တင်ပေးပြီး ကျေးလက်ဒေသမှာ နေတဲ့ အမျိုးသမီးများအတွက် ရွေးချယ်သင့်တဲ့ လုပ်ငန်းရှင်ဖြစ်လာခဲ့ပါတယ်။ ဘာလို့ဆို ကလေးသူငယ်ပြုစုစောင့်ရှောက်ခြင်းဝန်ဆောင်မှုဟာ အရည်အချင်းပြည့်ဝတဲ့ အမျိုးသမီးတွေ လုပ်ငန်းခွင်ပြန်ဝင်နိုင်ဖို့ ကူညီပေးပါတယ်။ ကျွန်တော်တို့ရဲ့ အားထုတ်မှုတွေကို ဂျော်ဒန်အစိုးရကလည်း အသိအမှတ်ပြုပါတယ်။ ပြီးတော့ ILO/IFC ရဲ့ ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းခွင် အစီအစဉ် အဖြစ်လည်း အသိမှတ်ပြုခံရပါတယ်"
>
> - Farhan Ifram, CEO, MAS Kreeda Al Safi

## Safaricom, ကင်ညာနိုင်ငံ

- နည်းပညာဖြင့် ဆက်သွယ်ခြင်း- အသံ၊ အချက်အလက်နှင့် မိုဘိုင်းဖုန်းမှ တဆင့် ငွေကြေး လွှဲပြောင်း ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည့် စီးပွားရေး လုပ်ငန်း

Safaricom ၏ ဝန်ထမ်း ၅၇၈၅ ဦး၏ ၅၁ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- လုပ်ငန်းခွင်တွင်း ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာထားရှိခြင်း
- "အလုပ်သို့ ကလေးခေါ်လာပါ" ဟူသော မူဝါဒ
- လစာရ အပိုဆောင်း မီးဖွားခွင့် (သတ်မှတ်ထားသော ခံစားခွင့်ထက် ကျော်လွန်ပြီး)
- "အမေများ၏ အလုပ်ချိန်(အဆိုင်း)" - လုပ်ခလစာအပြည့်ပေးပြီး အလုပ်လုပ်ရသော ရက်သတ္တပတ် လျှော့ချပေးခြင်း
- မိခင်အနေဖြင့် နို့ချိုတိုက်ကျွေးနိုင်သော အခန်းများ
- အလှည့်ကျ အလုပ်ချိန် (အဆိုင်း)များကို အားပေးသော စနစ်/အလှည့်ဖြင့် လုပ်ဆောင်မှုကို အားပေးသော စနစ် (Call စင်တာ တွင်)
- လုပ်ငန်းခွင်အတွင်း ဆရာဝန် ထားရှိပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အာမခံ ထားရှိခြင်း

"အာရုံစူးစိုက်လုပ်ဆောင်နိုင်မှုနဲ့ ပတ်သက်လို့ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာတွေ ရှိတာက သင့် ကို ပိုပြီး သက်သောင့်သက်သာဖြစ်စေပါတယ်။ အိမ်အကူကို စစ်ဆေးဖို့ အိမ်ကို ဖုန်းခေါ်ဖို့ မလိုတော့ဘူး။ ကလေးများလို့ ဆေးကို သေချာကြပ်မတ်ဖို့ လိုတယ်ဆိုရင်လည်း ပိုအဆင်ပြေပါတယ်၊ ပြီးတော့ ဒီမှာရှိနေတော့ ကလေးနဲ့ စိတ်ပိုင်းဆိုင်ရာအရ ဆက်နွယ်မှုလည်း ပိုပြီး ဖန်တီးလို့ရပါတယ်"

- Call စင်တာ ဝန်ထမ်းနှင့် ကလေး သူငယ် ပြုစုစောင့်ရှောက်မှု စင်တာ အသုံးပြုသူ၊ အမျိုးသား

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- အချိန်တိကျမှု တိုးတက်လာသည်၊ ပျက်ကွက်မှု နှင့် စိတ်ဖိစီးမှုများ လျော့ကျလာသည်။
- အလုပ်တွင် အပြည့်အဝ လုပ်ဆောင်နိုင်မှုနှင့် စိတ်အားထက်သန်မှုကို အမျိုးသမီးများနှင့် အမျိုးသားများတွင် တွေ့လာရသည်။
- ဝန်ထမ်းစုဆောင်းရေး လွယ်ကူမှုနှင့် ရှိပြီးသား ဝန်ထမ်းများကို စွဲဆောင် ထိန်းထားနိုင်သည့် အကျိုးကျေးဇူးများ ရရှိခြင်း။
- ခေါင်းဆောင်မှုနှင့် နည်းပညာ လုပ်ငန်းများတွင် အမျိုးသမီး ဦးရေ များပြားလာခြင်း။။
- ရေရှည်တည်တံ့ပြီး တာဝန်ယူမှုရှိသော စီးပွားရေးအတွက် အကောင်းဆုံး လုပ်ကိုင်ဆောင်ရွက်မှုကို ပြသလာနိုင်သည်။
- မဟာဗျူဟာမြောက် ဦးစားပေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် စီးပွားရေး လုပ်ငန်းကို ပံ့ပိုး ကူညီ ပေးသည်။

"အကြောင်းမကြားပဲ ပျက်ကွက်ခြင်းကို ကိုင်တွယ်ဖို့အတွက် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာတွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ အထူးသဖြင့် ဒါဟာ မိခင်လောင်းတွေမှာ ကြုံရတဲ့ ပြဿနာဖြစ်ပါတယ်။ ဒါဟာ ပျက်ကွက်မှုကို လျှော့ချဖို့ တော်တော်လေး အကူအညီဖြစ်ပါတယ်၊ ဒီဟာကြောင့် အလုပ်ခွင်ထဲမှာ ပိုပြီး တည်ငြိမ်မှု ရှိလာပါတယ်။ စီးပွားရေးလုပ်ငန်းက အပို ဝန်ဆောင်မှုအတွက် အခမဲ့ ထောက်ပံ့ပေးတယ်ဆိုတာကြောင့် သင့် ရဲ့ လုပ်ငန်းခွင်ထဲမှာ စိတ်အားထက်သန်မှုကို အကူညီဖြစ်စေပါတယ်၊ ရိုးရိုးသားသားပြောရရင် ဒီမှာရှိတဲ့ အမေ တွေက အခွင့်ထူးခံတွေလို့ ခံစားမိတယ်၊ ကျွန်မတို့ဟာ ဈေးကွက်ကို ဦးဆောင်သူတွေဖြစ်ပြီး အခြားသူတွေ ကအမီလိုက်နေကြရတယ်"

- Call စင်တာ ဝန်ထမ်း၊ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာ အသုံးပြုသူ၊ အမျိုးသမီး

## Schön Klinik, Germany။

### - ကျန်းမာရေးစောင့်ရှောက်မှု - မျက်စိ၊ အာရုံကြော၊ ခွဲစိတ်မှုနှင့် ကိုယ်တွင်းဆေးပညာ တို့နှင့် ပတ်သက်ပြီး အာရုံစိုက် လုပ်ဆောင်နေသော ပုဂ္ဂလိက ဆေးရုံ

တစ်နိုင်ငံလုံးရှိ ဝန်ထမ်း ၉၅၀၀ ထဲတွင် ၇၅ ရာခိုင်နှုန်းကို အမျိုးသမီးများ က ကိုယ်စားပြုသည်။ သူနာပြု ဝန်ထမ်း များ၏ ၄၂ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြပြီး ဆရာဝန်များထဲတွင် ၁၁ ရာခိုင်နှုန်း၊ ဌာန အကြီး အကဲများနှင့် အကြီးတန်း စီမံခန့်ခွဲမှုတွင် ၁၃% မှာ အမျိုးသမီးများဖြစ်ကြ သည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက် ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- စောပြီး အလုပ်တက်ရခြင်းနှင့် နောက်ကျပြီး အလုပ်ဆင်းရခြင်း တို့အတွက် အခမဲ့ ကလေးသူငယ် ပြုစု စောင့်ရှောက်ရေး စင်တာ များ ထားရှိခြင်း
- အချို့သော နေရာများတွင် လုပ်ငန်းခွင်တွင်း ကလေးသူငယ်ပြုစု စောင့်ရှောက်မှုစင်တာများ ထားပေးခြင်း
- နွေရာသီ စခန်းများအတွက် ထောက်ပံ့ကြေးပေးခြင်း
- တစ်နှစ်လျှင် အရေးပေါ်/အစားထိုး ကလေးသူငယ် စောင့်ရှောက်မှုအတွက် ထားပေးသော ရက်ပေါင်း ၂၀ (နေရာ ဒေသ အချို့တွင်)
- ကလေးသူငယ်ပြုစုစောင့်ရှောက်မှုနှင့် ကလေး ပြုစုစောင့်ရှောက်မှု ဆိုင်ရာ ပြဿနာများအပေါ် အကြံ ဉာဏ်ပေးရန်နှင့် ပြုစုစောင့်ရှောက်မှုဆိုင်ရာ နည်းလမ်းများ ကူညီအဖြေရှာပေးရန် နိုင်ငံတော်အဆင့် အရေးပေါ် ခေါ်ဆိုရန် ဖုန်းနံပါတ်
- ကလေးထိန်းများ ရှာဖွေရန်အတွက် အကြံပေး ဝန်ဆောင်မှု
- ရာထူးတာဝန်များအားလုံးအတွက် အချိန်ပိုင်း အလုပ်လုပ်ခွင့်နှင့် မတူညီသော အလုပ်ချိန် ရွေးချယ်စရာများ

၂၀၁၄ ခုနှစ်တွင် Schön Klinik Neustadt သည် အသက် ၂ လမှ သုံးနှစ် အထိ ကလေးများအတွက် နေရာ ၂၀ စာ ဆန့်သော ကလေးသူငယ်ပြုစု စောင့်ရှောက်ရေး စင်တာ အသစ်ကို စတင် ဖွင့်လှစ်လိုက်သည်။ ဤစင်တာသည် ဆေးရုံဝန်းအတွင်းတွင်သာရှိပြီး ဒေသဆိုင်ရာ အစိုးရနှင့် တွဲဖက်လုပ်ဆောင်သော အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ပင်ဖြစ်သစ်ည်။

"အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ ကလေးသူငယ်ပြုစု စောင့်ရှောက်ရေး ဂေဟာတွေ ဖွင့်ရတာ ပိုပြီး လွယ်ကူပါတယ်။ တကယ်လို့ Schön Klinik အနေနဲ့ ကိုယ့်ပါသာကိုယ် စင်တာ ဆောက်ဖို့ ဆုံးဖြတ်ခဲ့မယ် ဆိုရင် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာတွေအတွက် ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအရ အရ မ်းကို ရှုပ်ထွေးသွားနိုင်တယ်"

- Barbara Hamann, Schön Klinik Neustadt ရှိ ကလေး ပြုစုစောင့် ရှောက်ရေးဌာန၏ ဒါရိုက်တာ

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- ပြိုင်ဆိုင်မှု ပြင်းထန်သော လုပ်သားဈေးကွက်ထဲတွင် ရွေးချယ်သင့်သော လုပ်ငန်းရှင်အဖြစ် ရှိနေခြင်း
- ၂၄ နာရီ ၇ ရက် တပတ်လုံးအတွက် ဝန်ထမ်းထားပေးနိုင်ခြင်း

> "ဆေးရုံ နယ်ပယ်မှာ ပြိုင်ဆိုင်မှုတွေ အများကြီးရှိတယ်၊ ဝန်ထမ်းအများစုက သူတို့ ဆန္ဒရှိရင် မနက်ဖြန် အလုပ် အသစ်ကို ပြောင်းသွားလိုက်လို့ရတယ် တကယ် ကောင်းတဲ့ လုပ်သားအင် အားကို ထိန်းထားဖို့ဆိုရင် ကျွန်တော် တို့ လုပ်ငန်းရှင်ကောင်းအဖြစ် ကြွထွက်နေအောင် လုပ်ထားဖို့လိုတယ်"
>
> - Michaela Preis၊ လူ့စွမ်းအားအရင်း အမြစ်ဆိုင်ရာ ကျွမ်းကျင်သူ၊ Schön Klinik Group

# မြန်မာနိုင်ငံ၏ သာဓကများ

## ရွှေတောင် လုပ်ငန်းစု၊ မြန်မာနိုင်ငံ။

အမျိုးမျိုးသော ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း အစုစု - ဆောက်လုပ်ရေး ပစ္စည်းများ ဖြန့်ချီခြင်း၊ အင်ဂျင်နီယာ လုပ်ငန်း၊ တည်ဆောက်ခြင်း၊ အခြေခံ အဆောက်အဦးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ဘဝ နေထိုင်မှု ပုံစံနှင့် အိမ်ခြံမြေဈေးကွက်

ရွှေတောင် လုပ်သားအင်အား၏ ၃၈ ရာခိုင်နှုန်းလောက်ကို အမျိုးသမီးများက ကိုယ်စားပြုပါသည်။ ကုမ္ပဏီရှိ အမျိုးသမီး ၁၆ ရာခိုင်နှုန်းနှင့် အမျိုးသား ၂၆ ရာခိုင်နှုန်းလောက်ကို အသက် ၅ နှစ် နှင့် ၅ နှစ်အောက်ငယ်သော ကလေးများက မှီခိုနေကြသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- ရွှေတောင်ဖောင်ဒေးရှင်း၏ ပညာရေးဌာနက ကြီးကြပ်သောနေရာ ၅ နေရာတွင် လုပ်ငန်းခွင်တွင်း ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာများထားရှိခြင်း
- အချို့သော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးစင်တာများသို့ အခမဲ့ အကြို အပို့ ဂန်ဆောင်မှု
- အစိုးရ၏ ဥပဒေရေးရာ ပြဌာန်းချက်များအတိုင်း မီးဖွားခွင့်နှင့် ဖခင်ဖြစ်ခွင့် ခံစားခွင့်များပေးခြင်း
- မိခင်လောင်းများအနေဖြင့် အပိုဆောင်း ခွင့် ယူခွင့်ရှိသည် - လစာ ၅၀ ရာနှုန်းပေးထားသော ခွင့် အပို ၆ ပတ်နှင့် လစာမဲ့ ခွင့် အပို ၁၀ ပတ်

မိဘဖြစ်ခွင့် ယူထားသော ဝန်ထမ်း ၁၀၀ ရာခိုင်နှုန်းလုံးကို ထိန်းထားနိုင်ရန် ရွှေတောင်ကုမ္ပဏီတွင် တိကျသော လုပ်ငန်းဆိုင်ရာ ရည်မှန်းချက် ရှိသည်။ ထိုရည်မှန်းချက်ကို ပံ့ပိုးရန်အတွက် ကုမ္ပဏီအနေဖြင့် ကလေးသူငယ် ပြုစုစောင့်ရှောက်ရေး စင်တာ ၅ခုကို စတင်ဖွင့်လှစ်ခဲ့သည်။ ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာများသည် ပုံမှန် ရုံးချိန် တနင်္လာနေ့မှ သောကြာနေ့အထိ ဖွင့်ပါသည်။ ဤဝန်ဆောင်မှုအတွက် ဝန်ထမ်းများအနေဖြင့် ငွေကြေး ကုန်ကျရန် မလိုပါ။ ရွှေတောင်အနေဖြင့် မိမိ၏ ဝန်ထမ်းများအတွက် ကလေးသူငယ်ပြုစု စောင့်ရှောက် မှုဆိုင်ရာ အထောက်အပံ့ ရရှိခံစားစေခြင်းသည် ဝန်ထမ်း၏ စိတ်ကျေနပ်မှုနှင့် အားထည့် နှစ်မြှုပ်လုပ်ဆောင်မှုတို့ကို တိုးမြှင့်ပေးပြီး ဂန်ထမ်းအပြောင်းအရွှေ့နှုန်းကို လျော့ချပေးပါသည်။ ကလေးသူငယ် ပြုစုစောင့်ရှောက်ရေးစင်တာများသည် မိမိ၏ စီးပွားရေးလုပ်ငန်းအတွင်း ကျားမ တန်းတူညီမျှရေးကို မြှင့်တင်ပေးရန်နှင့် လုပ်ငန်း၏ ဂုဏ်သတင်းကို တိုးမြှင့်ပေးရန် အားစိုက်လုပ်ဆောင်မှုအဖြစ် ရွှေတောင်ကုမ္ပဏီအနေဖြင့် ရှုမြင်ပါသည်။

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- လုပ်နိုင်စွမ်းတိုးမြှင့်ပြီး မိဘများအနေဖြင့် စင်တာများအပေါ် ပိုပြီး ယုံကြည်မှုရှိလာသောကြောင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး စင်တာတွင် စာရင်းပေးသူများ အချိန်နဲ့အမျှ တဖြည်းဖြည်း တိုးတက်လာသည်။
- ကလေးများအတွက် ထောက်ပံ့ပေးထားသော ကလေးသူငယ်ပြုစု စောင့်ရှောက်ရေး ဝန်ဆောင်မှုများ၏ ယေဘုယျ အရည်အသွေးနှင့် ပတ်သက်ပြီး အလွန်တရာ ကျေနပ်မှုရှိကြောင်း မိဘများက ပြောဆို သည်။

> "စင်တာအပေါ် အားကိုးအားထားပြုလို့ရတယ်၊ သူတို့တွေအနေနဲ ထမင်းစားချိန် ပုံမှန်ထားပြီး ကလေးကို သေချာဂရုစိုက်ပြီး ကျွေး မွေး တယ်။ ကလေးက ဝတောင် ဝလာတယ်၊ အသက် ၃နှစ် ပြည့်ပြီး နောက်မှာလည်း သူတို့ကို ဆက် နေစေချင်တယ်"
> - မိခင်၊ အလုံမြို့နယ်

> "ကလေး သူငယ်ပြုစုစောင့်ရှောက်ရေး စင်တာမှာ ထားထားတဲ့ ကလေးက အခြား အိမ်မှာ ပြုစု စောင့်ရှောက်ခံရတဲ့ ကလေးတွေနဲ့ ယှဉ်ရင် စကားစောစောပြောတတ်ပြီး လမ်းလည်း စောစော လျှောက်တတ်ကြတယ်၊ အခြားကလေးတွေနဲ့ မိတ်ဆွေဖွဲ့တာ၊ ဆက်ဆံတာတွေမှာလည်း တိုးတက် လာတယ်"
> - မိခင်၊ ဘီလူးချောင်း

- အလားအလာရှိသော ဝန်ထမ်းများ အထူးသဖြင့် အနာဂတ်တွင် ကလေးယူရန် အစီအစဉ် ရှိသူများ အတွက် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး အစီအစဉ်က ထိုအလားအလာရှိသော ဝန်ထမ်းများ ဘယ်မှာ အလုပ်လျှောက်မလဲ ဘယ်နေရာမှာ ရေရှည် လုပ်ငန်းခွင် ဘဝ တည်ဆောက်မလဲ ဆိုသည် ကို စဉ်းစား သည့်အခါ အဆုံးအဖြတ်ပေးနိုင်သော အချက်အလက်ဖြစ်စေရန် ကုမ္ပဏီဘက်က မျှော် လင့်သည်။

## ACLEDA မြန်မာနိုင်ငံ။

### အသေးစား ချေးငွေလုပ်ငန်း

ACLEDA သည် မြန်မာနိုင်ငံ၊ လာအိုနှင့် ကမ္ဘောဒီးယားတို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး ကဏ္ဍများအတွက် စုငွေနှင့် ချေးငွေ ဝန်ဆောင်မှုများ ပေးပါသည်။ မြန်မာနိုင်ငံတဝှမ်းရှိ လုပ်ငန်းများ (ရန်ကုန်ရှိ ရုံး ၅ရုံးနှင့် ပဲခူးရှိ ရုံး ၇ရုံး) တို့တွင် ဝန်ထမ်း ၄၀၀ ရှိပြီး ၄၀ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။

### ဝန်ထမ်းအတွက် ပံ့ပိုးပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အထောက်အပံ့ ရွေးချယ်စရာ နည်းလမ်းများ

- ကလေးအတွက် ခံစားခွင့်
- ကလေးမွေးဖွားမှု စရိတ်
- မီးဖွားမှုအတွက် စောင့်ရှောက်မှု

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ပြီး ACLEDA က ၎င်း၏ အမျိုးသားနှင့် အမျိုးသမီး ဝန်ထမ်းများအတွက် အများဆုံး ကလေး ၄ ယောက် စာအထိ ကလေး တစ်ယောက်လျှင် ထောက်ပံ့ကြေး ၁၃၀၀၀ကျပ် လစဉ်ထောက်ပံ့ပေးပါသည်။ လစဉ် ခံစားခွင့်ကို ကလေးအသက် ၁၈နှစ် ပြည့်သည်အထိ ပေးသွားမည်ဖြစ်သည်။ ဤခံစားခွင့်ကို သူတို့၏ အလုပ် ကြော်ငြာစာများတွင် ထည့်ကြေညာပြီး လုပ်ငန်းခွင်ဝင် သင်တန်းတွင်လည်း ကြေညာပါသည်။

ဝန်ထမ်း၏ ကလေး မွေးဖွားခြင်းစရိတ်ကို ကာမိရန်အတွက် အများဆုံး ၄၃၀၀၀၀ ကျပ် အထိ ငွေသား ပြန်လည် ထုတ်ပေးခြင်းဖြင့် ထောက်ပံ့ပေးသည်။ အမှန်တကယ် ကုန်ကျသည့် စရိတ် ပြန်လည်ထုတ်ပေးခြင်းဖြင့် ထောက်ပံ့ပေးသည်။ ပုံမှန် သဘာဝအတိုင်း မွေးဖွားခြင်းအတွက် ဤထောက်ပံ့မှုက ကာမိပြီး ဗိုက်ခွဲမွေးခြင်း ကုန်ကျစရိတ် အများစုအတွက်လည်းကာမိပါသည်။

သုံးခုမြောက် ခံစားခွင့်မှာ ကိုယ်ဝန်ဆောင်ချိန်အတွင်း အမျိုးသမီး ဝန်ထမ်းများအတွက် မည့်သည့် ကျန်းမာရေး ကုန်ကျစရိတ်ကို မဆို ငွေပြန်ထုတ်ပေး ခြင်းဖြစ်သည်။ ခံစားခွင့်အတွက် ငွေကြေးပမာဏ မသတ်မှတ်ထားပါ။ ဝန်ထမ်း အနေဖြင့် အခကြေးငွေပေးစရာမလိုဘဲ ကုမ္ပဏီက သတ်မှတ်ထားသော ဆေးရုံကို သွားနိုင်သကဲ့သို့ ၎င်းတို့ သွားလိုသော ဆေးရုံဝန်ဆောင်မှုမှ ငွေလက်ခံ ပြန်တင်ပြလျှင်လည်း ရပါသည်။


ဓါတ်ပုံ: World Bank / Hong Sar.

### သက်သေပြနိုင်သော စီးပွားရေး အကျိုးဖြစ်ထွန်းမှုများ-

- လုပ်ငန်းခွင်တွင် ဝန်ထမ်းများ၏ စိတ်အားထက်သန်မှုကို တိုးမြှင့်ပေးခြင်း
- ကလေးရှိသော သို့မဟုတ် ကိုယ်ဝန်ဆောင် အမျိုးသမီး ဝန်ထမ်းများ၏ အလုပ် အပြောင်းအရွှေ့ကို လျှော့ချပေးခြင်း
- ကလေးယူပြီးနောက်တွင် အမျိုးသမီးဝန်ထမ်းများ လုပ်ငန်းခွင်သို့ ပြန်ဝင်မှု အရေအတွက် တိုးတက် လာခြင်း
- ဝန်ထမ်းသစ် စုဆောင်ရေးနှင့် သင်တန်းပေးခြင်းဆိုင်ရာ ကုန်ကျစရိတ်များ လျော့ကျသွားခြင်း

**"ဝန်ထမ်းအသစ် ငှားရမ်းဖို့အတွက် ကုန်ကျစရိတ်က များပါတယ်၊ အထူးသဖြင့် သင်တန်းပေးပြီး သူတို့ကို ပံ့ပိုးပေးရတာ အတွက်ကြောင့် ဖြစ်ပါတယ်။ ဒီက မိခင်တွေအတွက်က ပြန်ပြီး သင်တန်းပေးဖို့ မလိုဘူးလေ၊ သူတို့မှာ အတွေ့အကြုံတွေ အများကြီးရှိတာမို့ အလုပ်ထဲမှာ အမှားနည်းကြတယ်"**

# ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ဝေါဟာရများ၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှု

| | |
|---|---|
| အမြဲတမ်းမဟုတ်သော ရံဖန်ရံခါ စောင့်ရှောက်မှု | လိုင်စင်ရှိသော ကလေးသူငယ်ပြုစု စောင့်ရှောက် ရေးစင်တာမှ ဝန်ဆောင်မှုပေးသည့် ရံဖန်ရံခါ စောင့်ရှောက်မှု |
| ကလေးသူငယ်ပြုစုစောင့် ရှောက်ရေးစင်တာ | မူကြိုအရွယ် ကလေးများအား ပြုစုစောင့်ရှောက်မှုပေးရာ ကလေး သူငယ်ပြုစုစောင့်ရှောက်ရေး ဂေဟာ၊ မြန်မာနိုင်ငံတွင် အနိမ့်ဆုံး အသက် သတ်မှတ်ချက်မှာ ၆ လဖြစ်သည်။ |
| ရှေးဦးကလေးသူငယ်ပြုစုပျိုး ထောင်ရေးနှင့် ဖွံ့ဖြိုးရေး (ECCD) | မွေးစမှ အသက် ၅နှစ်အထိ ကလေး၏ ရုပ်ပိုင်း ဆိုင်ရာ၊ စဉ်းစားတွေးခေါ်မှု၊ ဘာသာစကား၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအပါအဝင် ကလေး၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အလုံးစုံ ထည့်သွင်းစဉ်းစားသော နည်းစနစ် |
| ဂေဟာ မှတ်ပုံတင် | ဤမှတ်ပုံတင်သည် စင်တာ သို့မဟုတ် ဂေဟာ အနေဖြင့် အစိုးရ ပြဋ္ဌာန်းထားသော ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများတွင် ဖော်ပြထားသော လိုအပ်သည့် ပြဋ္ဌာန်းချက်များကို ပြည့်မီမှု ရှိ၊ မရှိ ရည်ညွှန်းသည်။ ဤ မှတ်ပုံတင်သည် တချိန်တည်းတွင်ပြုစု စောင့်ရှောက်မှု ပေးနိုင်သော၊ အများဆုံး လက် ခံနိုင်သော ကလေး ဦးရေနှင့် ကလေး အသက်အရွယ်ကို သတ်မှတ်ပေးသည်။ |
| အချိန်ပို ကလေးသူငယ်ပြုစု စောင့်ရှောက်မှု | ရုံးပိတ်ရက် သို့မဟုတ် တနင်္လာမှ သောကြာထိ မနက် ၆နာရီ မတိုင်ခင် သို့မဟုတ် ည ၇နာရီ နောက်ပိုင်း စသည့် သမရိုးကျ မဟုတ်သော အလုပ်အချိန်များအတွက် ထောက်ပံ့ပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု |
| မိသားစု၊ မိတ်ဆွေ သူငယ်ချင်းနှင့် အိမ်နီးနားချင်း (FFN) ၏ ကလေး ပြုစုစောင့်ရှောက်မှု | ကလေး၏ ကိုယ်ပိုင် အိမ်တွင် သို့မဟုတ် အခြား တအိမ်အိမ်တွင် များသောအားဖြင့် စည်းမျဉ်းစည်းကမ်းနှင့် မညီသော အခြေအနေ မျိုးတွင် ဆွေမျိုးများ၊ မိတ်ဆွေ သူငယ်ချင်းများနှင့် အိမ်နီးချင်းများက ကူညီပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု |
| နေအိမ် အခြေပြု ကလေးသူငယ် ပြုစုစောင့်ရှောက်မှု | ကလေး ပြုစုစောင့်ရှောက်သူ၏ နေအိမ်တွင် စီစဉ်ပေး သော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု၊ နေအိမ်အခြေပြု ကလေးသူငယ်ပြုစုစောင့်ရှောက်မှုသည်  စည်းမျဉ်း စည်းကမ်းနှင့် ညီသည်လည်း ရှိသည်၊ မညီသည်လည်း ရှိသည်၊ အခကြေးငွေ ပေးဆောင်ရသည်လည်း ရှိသလို ပေးစရာ မလိုသည်လည်း ရှိသည်၊ စာရင်းသွင်းထားသည်လည်း ဖြစ်နိုင်သလို စာရင်း မသွင်းထားသည်လည်း ဖြစ်နိုင်သည်။ သီးခြား နေအိမ်အခြေပြု ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး အစီအစဉ်များအတွက် ဘောင်ကျဉ်းထားသော အသုံးအနှုန်းများတွင် မိသားစု ကလေးသူငယ်ပြုစုစောင့်ရှောက်မှု၊ သမရိုးကျ မဟုတ် သော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု၊ မိသားစု၊ မိတ်ဆွေသူငယ်ချင်းနှင့် အိမ်နီးချင်းတို့၏ ပြုစုစောင့်ရှောက်မှု တို့ ပါဝင်သည်။ |
| နို့စို့ကလေးငယ် | ကလေး အသက် ၁၂ ပတ်မှသည် ၂နှစ်အထိ |
| သူငယ်တန်း | မူလတန်းကျောင်းတွင် ရှိသော အတန်း တစ်ခု သို့မဟုတ် ငယ်ရွယ်သော ကလေးများအတွက် သီးခြားကျောင်း၊ များသောအားဖြင့် အသက် ၄နှစ်မှ ၆နှစ်အထိ ကလေးများ ကျောင်း စမတက်ခင် စာသင်ခန်း ပတ်ဝန်းကျင်နှင့် ရင်းနှီးအောင် ရည်ရွယ်ခြင်း ဖြစ်သည်။ |
| မှတ်ပုံတင်ထားသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု | နိုင်ငံ သို့မဟုတ် လူမှုအသိုင်းအဝိုင်း၏ သတ်မှတ် ထားသော စနစ် အတွင်း ဝင်ဆံ့သော သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသော နေအိမ်များ သို့ မဟုတ် ဂေဟာများတွင် ဖွင့်လှစ်ထားသော ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး အစီအစဉ်များ |
| မူကြို | များသောအားဖြင့် အသက် ၂နှစ်မှ ၅နှစ်အထိ ကလေးများ သူငယ်တန်း မတက်ခင်တွင် အစောပိုင်း ပညာရေးနှင့် စောင့်ရှောက်မှု ပေးသော အစီအစဉ်များ |
| မူကြို အရွယ် ကလေး | ကလေး အသက် ၂နှစ်မှသည် ၅နှစ်အထိ |
| ကျောင်းနေအရွယ် ကလေး | ကလေး အသက် ၆နှစ်မှသည် ၁၂ အထိ |
| ကျောင်းနေအရွယ် ကလေး ပြုစုစောင့်ရှောက်မှု | အသက် ၅နှစ်နှင့် အထက် ကလေးများအတွက် ကျောင်းချိန် ပြင်ပတွင် ဆောင်ရွက်ပေးသော ကလေးသူငယ်ပြုစုစောင့်ရှောက်မှု - ကျောင်းချိန် ပြင်ပ (OST) ကလေးသူငယ် ပြုစုစောင့်ရှောက်မှု သို့မဟုတ် ကျောင်းချိန်အပြီး ပြုစုစောင့်ရှောက်မှု အစီအစဉ်ဟုလည်း ခေါ်ဆိုကြသည်။ |





ဓါတ်ပုံ: IFC / Victoria Milko.

ဆက်သွယ်ရန် သတင်းအချက်အလက်
အိုင်အက်ဖ်စီ မြန်မာ
ကျား၊မရေးရာဆိုင်ရာ စီးပွားရေးအဖွဲ့
အချက်အလက် ပိုမိုသိရှိလိုအပ်ပါက www.ifc.org/gender/ သို့ ဝင်ရောက်လေ့လာနိုင်ပါသည်။

မိတ်ဖက်အဖွဲ့အစည်းများ

UMBRELLA FACILITY FOR GENDER EQUALITY
ADMINISTERED BY WORLD BANK GROUP

IFC International Finance Corporation
WORLD BANK GROUP
*Creating Markets, Creating Opportunities*